မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၈၈)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာပေးပို့

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့ ခေတ်သစ်ကိုလိုနီစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဩဇာလွှမ်းမိုးရန် ကြိုးပမ်း တိုင်းရင်းသားပြည်သူအပေါင်း အမျိုးသားရေးသတိဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်

နေပြည်တော် နိုဝင်ဘာ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၈)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို နယ်ချဲ့လက်တွင်းမှ ပြန်လည်ရယူနိုင်ရန် ကြိုးပမ်းလှုပ်ရှားမှုများတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါခဲ့သော အမျိုးသားရေးလှုပ်ရှားမှုကြီးကို ဂုဏ်ပြုသည့် (၈၈)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် အမျိုးသားဝံသာနုရက္ခိတစိတ်ဓာတ် မြင့်မားသူများဖြစ်သည်နှင့်အညီ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ကိုယ့်ရိုးရာဓလေ့တို့ကို အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ် တက်ကြွပြင်းထန်သူများ ဖြစ်ကြပေသည်။ ခေတ်အဆက်ဆက်တွင်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့သည် နယ်ချဲ့တို့၏ မည်သည့်ကျူးကျော်မှုမျိုးကိုမဆို ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံ၍ ရှပ်ရှပ်ချွံချွံ သက်စွန့်ကြိုးပမ်း တုံ့ပြန်တိုက်ဖျက်တွန်းလှန် အောင်မြင်ခဲ့ကြသည်ချည်းသာဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်မော်ကွန်းကို ဖော်ညွှန်းပြသခဲ့သည့် တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဗိုလ်လုပွဲကို မြန်မာပရိသတ်များ ဤသို့ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။ (မြန်မာ့အလင်း)

လက်ရှိချန်ပီယံမြန်မာအသင်း Grand Royal ဆုဖလားကို ထပ်ဆင့်ဆွတ်ခူးရရှိ မြန်မာအသင်းဗိုလ်စွဲရန် မြန်မာဘောလုံးပရိသတ်များ ကွင်းလုံးပြည့်လျှံ တစ်ခဲနက်အားပေး

- သတင်းမြင်ကွင်း - ဖိုးသော်ဇင်
- ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင်
- စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၁

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက အင်ဒိုနီးရှားလက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရဗိုလ်စွဲသွားခဲ့ပါတယ်။

မြန်မာ့လက်ရွေးစင်အသင်း	- နှစ်ဂိုး။
အင်ဒိုနီးရှားလက်ရွေးစင်အသင်း	- တစ်ဂိုး။

စာမျက်နှာ ၉ ကော်လံ ၁ ✻

(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။

22-11 (01).pmd 1 11/22/2008, 2:52 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက်)

ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ယနေ့သည် ၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်(၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၂ရက်) မြန်မာတိုင်းရင်းသားတို့ တစ်သက်မမေ့နိုင်သည့် အမျိုးသားနေ့ပင် ဖြစ်သည်။

(၈၈)နှစ်မြောက် အမျိုးသားနေ့ဦးတည်ချက်(၄)ရပ်မှာ ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် မြန်မာတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှု မှန်သမျှကို ရှုပ်ရှုပ်ချုံချုံ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ကြသည်။

အမျိုးသားရေး လှုပ်ရှားမှုကြီးမှတစ်ဆင့် တစ်မျိုးသားလုံး၏ ထက်မြက်မြင့်မားသည့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံလျက် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် တိုးတက်ပြောင်းလဲလာသည့် နိုင်ငံတကာ ပညာရေးအဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရေးစနစ်ဖြစ်ထွန်းလာစေရန် အမျိုးသားပညာရည်မြင့်မားရေး၊ အနှစ် ၃၀ နှစ်ရှည် စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်မြက်မြင့်မားသည့် နိုင်ငံသားကောင်းများ၊ ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတို့သည် အသက် သွေး ချွေးနှင့်ရင်းနှီး၍ ရယူခဲ့ရသော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးတာဝန်ပင် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၄)ဖြစ်သော အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများ တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ကြပြီး ဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန်ရှင်သန်နိုးကြားရန်၊ ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရန်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရန် မျိုးစေ့ချပေးခဲ့သော အမျိုးသားနေ့ကို တန်ဖိုးထားလေးစားကာ အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ရင်နှင့်ရင်း၍ ချစ်ရပါသည်** လွင်မိုး၊ နန္ဒာလှိုင် (ဒါရိုက်တာ-ကျော်ဇောလင်း)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂၅)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၁၀)

ညှိနှိုင်းစည်းဝေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၂၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၇ရက် မွန်းလွဲပိုင်းနှင့် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတို့တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားပြီး တည်ဆောက်ရေး ညွှန်ကြားရေးမှူးများက ရေအားလျှပ်စစ်စီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ စက်ရုံမှူးများက ဓာတ်အားထုတ်လုပ်မှုနှင့် စက်စွမ်းအားပြည့် ထုတ်လုပ်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကောင်အထည်ဖော်

ထိုသို့ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းမြင့်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းက လိုအပ်ချက်များကိုမှာကြားပြီး နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး မြေ၊အဆောက်အအုံနှင့် စာအုပ်စာစောင်များ လှူဒါန်း

စလင်း နိုဝင်ဘာ ၂၁

မကွေးတိုင်း စလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်စာကြည့်တိုက် ငါးတိုက်ကို ခိုင်မာသည့် မြေနေရာပေါ်တွင် ကိုယ်ပိုင်အဆောက်အအုံဖြစ်ထွန်းရေးနှင့် မြေ၊အဆောက်အအုံနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားများကို နိုဝင်ဘာ ၁၈ ရက်က သက်ဆိုင်ရာစာကြည့်တိုက် အဆောက်အအုံသစ်များ၌ တစ်ဆက်တည်းကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားများတွင် မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်သည် လက်မဲရွာ စံပြစာကြည့်တိုက်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းညွန့်နှင့်လည်းကောင်း၊ ဇယ်တွင်းရွာ အားမာန်သစ်စာကြည့်တိုက်ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ဝမ်းနှင့်လည်းကောင်း၊ အုတ်ဖိုကန်ရွာ မြတ်မိခင်စာကြည့်တိုက်ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လည်းကောင်း၊လက်ပကန်စာကြည့်တိုက်ကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစိန်ချစ်ဝင်းနှင့်လည်းကောင်း၊ တောစိမ့်ရွာ ရင်သွေးပျိုးခင်း စာကြည့်တိုက်ကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝမ်းနှင့် လည်းကောင်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လှူဒါန်း

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုအဖွဲ့များ၏ စည်းရုံးပံ့ပိုးမှုဖြင့် အလှူရှင် ၈၉ ဦးက အလှူငွေ ၁၈၂၇၄၅ ကျပ် ကိုလည်းကောင်း၊ စာပေအလှူရှင် ၁၂ ဦးက စာအုပ်စာစောင် ၉၆ အုပ်ကိုလည်းကောင်း လှူဒါန်းကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့ အလက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

မကွေးမြို့ အလက(၁)ဆားစည့်ကျောင်းတွင် (၁၉၅၂-၂၀၀၂)အတွင်း အနည်းဆုံး (နှစ်)နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားသည့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက်(စနေနေ့) နံနက် ၉နာရီတွင် အလက(၁)မကွေးမြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၆၃-၂၁၂၈၃၊ ၀၉-၅၃-၄၁၃၆၉၊ ကျောင်းအုပ်ကြီး ဒေါ်မြင့်မြင့်အေး ဖုန်း-၀၆၃-၂၁၁၈၈၊ ဦးခင်မောင်ဝင်း ဖုန်း-၀၆၃-၂၁၀၄၀၊ ၀၉-၅၃-၄၀၄၉၅၊ ဦးငွေအောင် ဖုန်း-၀၁-၅၇၇၉၇၉၊ ၀၉-၅၀-၁၃၉၇၅၊ ဦးသိန်းဇော်ဦး ဖုန်း-၀၁-၇၀၀၃၇၆၊ ၀၉-၅၁-၂၇၁၆၇၊ ဦးမိုးဟိန်း ဖုန်း-၀၉-၅၁-၀၀၄၆၀၊ ဦးသောင်းလှိုင်အေး (အောင်ကမ္ဘာကားဂိတ်) ဖုန်း-၀၂-၈၈၀၉၆၊ ဦးမောင်မောင်အေး ဖုန်း-၀၂-၅၄၆၆၁၊ ၀၉-၅၃-၄၂၆၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ်(ဗဟို)မှ ထောက်ပံ့ပေးသော အသက်(၇၅)နှစ်နှင့် အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော မိသားစုဝင် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က ပဲခူးတိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြိုင်(ငြိမ်း)က ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်

● ရှေ့ဖုံးမှ

နယ်ချဲ့တို့၏ ကိုလိုနီကျွန်ပညာရေးစနစ်သည် ကိုလိုနီအုပ်ချုပ်ရေးယန္တရားကို သက်ဆိုးရှည်စေရန် ရည်ရွယ်ထားသည့် ပညာရေးစနစ်သာ ဖြစ်ခဲ့သည်။ ၁၉၂၀ပြည့်နှစ် အမျိုးသားပညာရေးလှုပ်ရှားမှုသည် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလှုပ်ရှားမှုသန္ဓေကို ဖြစ်တည်ရှင်သန်လာစေခဲ့သဖြင့် အစဉ်ထာဝရ မော်ကွန်းတင်ရမည့်နေ့ ဖြစ်ပေသည်။

ကာကွယ်စောင့်ရှောက်

မျက်မှောက်ကာလတွင် နိုင်ငံကြီးအချို့သည် ခေတ်သစ်ကိုလိုနီစနစ်ကို ကျင့်သုံးပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လျက် နယ်ပယ်အသီးသီးတွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေကြခြင်းကို တိုင်းရင်းသားပြည်သူအပေါင်းတို့က အမျိုးသားရေးသတိဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပေသည်။

ဆူကြုံနိမ့်မြင့်

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးအတွက် အနှစ် ၃၀ နှစ်ရှည် စီမံကိန်းချမှတ်ပြီး ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသများပါမကျန်စေဘဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံး ဆူကြုံနိမ့်မြင့် ကွာဟမှုများနည်းပါးလာပြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်လျက်ရှိပေသည်။

စွမ်းစွမ်းတမံ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ခုနှစ် မေလတွင် ကျင်းပသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက ထောက်ခံဆန္ဒမဲ ၉၂ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ထောက်ခံအတည်ပြုပေးခဲ့ပြီး ဖြစ်ပေသည်။ ဤမူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်၍ (၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များဖြစ်ကြသည့်-

(၁) ဝံသာနုရက္ခိတစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊
(၂) အမျိုးသားပညာရည်မြင့်မားရေး၊
(၃) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
(၄) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး

ဟူသော ဦးတည်ချက်များနှင့်အညီ အမျိုးသားရေးအားမာန် အပြည့်အဝစိုက်ထုတ်၍ ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

တေးဂီတနားထောင်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို လျော့ကျနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး

တေးဂီတနားထောင်ခြင်းသည် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကို သွက်လက်ကောင်းမွန်စေပြီး နှလုံးသွေးကြောများ၏ အနေအထားကို ပုံမှန်ဖြစ်စေကြောင်း၊ နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေသည်ဟု အမေရိကန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

ထောက်ကူ

မိမိကြိုက်နှစ်သက်သော တေးဂီတကို နားထောင်ချိန်၌ နှလုံးသွေးလည်ပတ်စီးဆင်းမှုသည် အကောင်းဆုံးအနေအထားတွင်ရှိနေကြောင်း၊ သွေးကြောနံရံကြွက်သားများ သန့်စွမ်းမှုကို တေးဂီတသံစဉ်များက အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

သွေးပေါင်ကျဆင်း

တေးဂီတ နားထောင်နေချိန်၌ သွေးပေါင်မြင့်တက်မှု ကျဆင်းသွားသည်ကို တွေ့ရကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ တေးဂီတနားထောင်နေသည့်အခါ လူတို့၏

စိတ်နှလုံးမှာ နူးညံ့ပျော့ပျောင်းနေပြီး တေးဂီတကို ရပ်ဆိုင်းလိုက်သည်နှင့် သွေးခုန်နှုန်းပြန်တက်လာသည်ကို တွေ့မြင်ရကြောင်း သိရသည်။

လျော့နည်း

ထို့ကြောင့် တေးဂီတသံစဉ်ကို နားထောင်ခြင်းသည် နှလုံးရောဂါနှင့် စိတ်ပိုင်းဆိုင်ရာ ရောဂါများကို လျော့နည်းကျဆင်းစေကြောင်း ၄င်းတို့က ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အားမာန်

* မြန်မာဟူသည်၊ သူတစ်ပါး၏
ကူထားဖေးထောက်၊ လောင်းရိပ်အောက်၌
ဝမ်းမြောက်ခုံမင်၊ မပျော်ရွှင်ဘဲ
ရှင်သန်လွတ်လပ်၊ နေထိုင်တတ်သည်
မြတ်သော စိတ်နေ ရှိတကား။

* မြန်မာဟူငြား၊ သူတစ်ပါးက
သနားကြင်နာ၊ ပေးကမ်းစာကို
စိတ်မှာကြောင့်ကြ၊ မတောင့်တဘဲ
ကိုယ်ကသာလျှင်
ပေးချင်ကမ်းချင်၊ လှူဒါန်းချင်သည်
ဖြူစင် စိတ်ထား ရှိတကား။

* မြန်မာဟူက၊ ကိုယ့်ဘဝကို
ကိုယ်ထကိုယ်ထူ၊ ကိုယ့်ဟန်မူဖြင့်
စံယူပြုပြင်၊ ဖန်တီးချင်၏
သူ့တွင်မမျှော်၊ သူ့ပေါ်မကျို့
သူ့သို့မချဉ်း၊ မှီခိုကင်းလျက်
ပြည်တွင်းအားသာ၊ ကိုးစားရာဟု
ခိုင်မာ စိတ်ထား ရှိတကား။

* ဩော်...မြန်မာ မြန်မာ၊ ဒို့မြန်မာကား
ကမ္ဘာ ကမ္ဘေ၊ ရှေးပဝေက
ကောင်းမွေဆက်ခံ၊ ကောင်းစိတ်လှုံ့ခဲ့
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်
ပြည့်သိပ်ခိုင်မြဲ၊ ခရီးခဲကို
လက်တွဲနှောင်ညီ၊ ကျော်ဖြတ်မည်တည့်
ပြည့်ဝန်တိုင်းကျိုး၊ ထမ်းသယ်ပိုးရင်း
အမျိုးသားရေး၊ နိုးကြားသွေးဖြင့်
ရှေ့ရေးဖြောင့်တန်း၊ ညီစွာလှမ်းလျက်
အောင်ပန်းထာဝရ၊ ဆွတ်ချူကြမည်
မြန်မာ့အားမာန် အပြည့်တကား။ ။

(၈၈)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုလျက်-

မြင့်မူမောင်နိုင်မိုး

မြစ်ခြေအထက (ပခုက္ကူမြို့နယ်) အာစရိယပူဇော်ပွဲနှင့် ရွှေရတုသဘင်

ရန်ကုန် နိုဝင်ဘာ ၂၁

ပခုက္ကူမြို့နယ် မြစ်ခြေအထက၏ အာစရိယပူဇော်ပွဲနှင့် အထက နှစ်(၅၀) ပြည့်ရွှေရတုသဘင် အခမ်းအနားကို ဒီဇင်ဘာ၁၃ရက်နှင့် ၁၄ရက်တို့တွင် ကျင်းပမည်ဖြစ်သဖြင့် တပည့် ကျောင်းသားဟောင်းများသည် အလှူငွေများကို ဦးဟန်မြင့် တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဖုန်း-၀၉-၅၁-၈၅၃၈၈ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၁၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၁၅)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြတ်ဘုန်း(တပ်ကုန်း)၊ ညီသစ်ဆင်း(ညောင်ဦး)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ အေးမြင့်အေး(တပ်ကုန်း)၊ စောလွမ်းသိမ်း(ရသစာပေ)၊ မောင်တင့်လွင်(ပေါက်)၊ ဝင်းနွယ်(သစ်တော)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ဦးဟန်စိန်၊ ရွှေခြံဆွေဦး၊ မြမျိုးလုံ(ကလော)၊ နေကိုရိုင်း(သန်လျင်)တို့၏ အဖွင့်ကဗျာများ၊ မောင်စိုးထိုက်(သုံးဆယ်)၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ သက်ဦးနိုင်(မြဝတီ)၊ တက္ကသိုလ်တင်ခ၊ လှိုင်ဝင်းဆွေ၊ ကိုထွန်းထွန်း (သာယာဝတီ)၊ မောင်နန္ဒာ(မန္တလေး)၊ မောင်ခင်မင်(ဓနုဖြူ)၊ မှူးခင်(ရွှေပြည်သာ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ စိုင်းလွဏ်းအောင်၊ ဒေါက်တာချိုချိုတင့်(မြန်မာစာ)၊ ပန်းတနော်စောလွင်၊ တက္ကသိုလ်စိုးယဉ်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဆရာမမ္မပါလ၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ ရှေ့ဆောင်တင်ဆွေတို့၏ ဆောင်းပါးများ၊ စစ်ကိုင်းစိမ်းစိမ်း၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြန်မာ့အသံသိန်းဟန်၊ ဝင်းသစ္စာ(သမ္ဘူလ)၊ ကိုဇော်ဝင်း(လှတော)၊ စိုးဝေလွင်(တောင်သာ)၊ နွယ်ဇင်ဦး(မြန်မာစာ)၊ ပိုနေမြဲ(ဝက်လက်)၊ မောင်ကြည်မော်(စကု)၊ မြတ်နိုး၊ မင်းဦး (ဒဿန)၊ ဖိုးစီ၊ ဟန်ထွေးနိုင်တို့၏ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ကာတွန်း၊ တော့ခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်များဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများနှင့် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူများအတွက် မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ၂၀၀၈ခုနှစ် ပြည်နယ်နှင့်တိုင်းများတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းများနှင့် အဖြေများ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ) စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်လက်ထုတ်ဝေ

အဆိုပါ စာအုပ်တွင် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများကိုယ်တိုင် ဖြေဆိုချက်များကို အမှတ်ပေး စည်းမျဉ်းနှင့်အညီ ရေးသားပြုစုထားသော စာအုပ်ဖြစ်ပြီး ကျန်ဘာသာတွဲများဖြစ်သော (ဓာတု၊ ရူပ၊ ဇီဝ)၊ (ဓာတု၊ရူပ၊ဘောဂ)၊ (ပထဝီဝင်၊ သမိုင်း၊ ဘောဂ) စာအုပ်များကိုလည်း ဆက်လက် ထုတ်ဝေ ဖြန့်ချိသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

ဂန့်ဂေါ နိုဝင်ဘာ ၂၁ (ဖက်စ်)

(၈၈)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းဆင့်နှင့် အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ၁၉ရက် နံနက်က ဂန့်ဂေါမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

(၀၇၁)

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ နိုဝင်ဘာ ၁၉ရက်က ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆီးရီးယား၏ နျူကလီးယားလက်နက်တီထွင်မှု အိုင်အေအီးအေက အထောက်အထားမတွေ့ရှိရ

ဗီယင်နာ နိုဝင်ဘာ ၂၁

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)အနေဖြင့် ဆီးရီးယားနိုင်ငံက နျူကလီးယားလက်နက် တီထွင်ကြောင်း ခိုင်လုံသည့် အထောက်အထားမတွေ့ရှိဟု အိုင်အေအီးအေ၏ အုပ်ချုပ်ရေးမှူးများအဖွဲ့သို့ အဖွဲ့ညွှန်ကြားရေးမှူးချုပ် အယ်ဘာရာဒေး၏ နိုဝင်ဘာ ၁၉ရက်က အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

ငြင်းဆို

ဆီးရီးယားနိုင်ငံ၏ နျူကလီးယား အစီအစဉ်များနှင့် ပတ်သက်၍ နောက်ဆုံးတွေ့ရှိ ခန့်မှန်းချက်များကို စာမျက်နှာလေးမျက်နှာရှိ မစ္စတာအယ်ဘာရာဒေး၏ အစီရင်ခံစာကဖော်ပြသည်။ သို့သော် ထိုအစီရင်ခံစာကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ပေးရေးကိုမူ ငြင်းဆိုသည်။

ဆွေးနွေးသုံးသပ်

၎င်းအစီရင်ခံစာမှာ အိုင်အေအီးအေကောင်စီသို့သာ တင်သွင်းရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၇ရက် လာမည့်ကောင်စီအစည်းအဝေးတွင် ဆွေးနွေးသုံးသပ်ကြမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဒီအီးအေအဖွဲ့ တယ်လီဖုန်းကြားဖြတ်ခိုးနားထောင် ဘိုလီးဗီးယားသမ္မတ မိုရာလက်စ်စွပ်စွဲပြောကြား

ဝါရှင်တန် နိုဝင်ဘာ ၂၁

အမေရိကန် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့(ဒီအီးအေ) အနေဖြင့် ကိုကင်းမူးယစ်ဆေးဝါး မှောင်ခိုသမားများအား ရှာဖွေနှိမ်နင်းရမည့်အစား သူ၏တယ်လီဖုန်းအဆက်အသွယ်ကို ကြားဖြတ်ခိုးနားထောင်ခဲ့ကြောင်း ဘိုလီးဗီးယားလက်ဝဲသမ္မတ မိုရာလက်စ်က နိုဝင်ဘာ ၁၉ရက်တွင် စွပ်စွဲပြောကြားလိုက်သည်။

စွပ်စွဲ

ဘိုလီးဗီးယားနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးက ဘိုလီးဗီးယားအစိုးရ ဆန့်ကျင်ရေးသမားများအား ကန့်ကွက်ဆန္ဒပြရန် နှိုးဆော်သည်မှာ နိုင်ငံမှ ပြည်နှင်ဒဏ်ပေးမှု၊ မူးယစ်ဆေးနှိမ်နင်းရေးတွင် ဘိုလီးဗီးယားနိုင်ငံက ပူးပေါင်းဆောင်ရွက်ခြင်းမပြုဟု အမေရိကန်စွပ်စွဲမှုတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ မကြာမီလများအတွင်းတွင် ပိုမိုဆိုးရွားလာသည်။

ဘိုလီးဗီးယားသမ္မတကို ဒီအီးအေ ထောက်လှမ်းရေးများက ထိန်းချုပ်ရန်မလိုကြောင်း ဘိုလီးဗီးယားသမ္မတမိုရာလက်စ်က ဝါရှင်တန်၌ကျင်းပသည့် အမေရိကနိုင်ငံများအဖွဲ့ အစည်းအဝေး၌ ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖိလစ်ပိုင်၌ ကျေးရွာလေးရွာရေလွှမ်း

ဒိုင်ရိုဒ်စီးတီး နိုဝင်ဘာ ၂၁

ဖိလစ်ပိုင်နိုင်ငံ မာလီတာမြို့တွင် နိုဝင်ဘာ ၂၀ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ မာလီတာ မြို့အစိတ်အပိုင်းအချို့အပါအဝင် အနီးဝန်းကျင်ရှိ ဆန်ပေ၊ ပန်ဂါလီလန်၊ ဆာဘန်နှင့် ပိုဘလာစီရွန် စသည့် ကျေးရွာလေးရွာတွင် ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ဟီလာရီကလင်တန်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ်လျာထား

ချီကာဂို နိုဝင်ဘာ ၂၁

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသူအိုဘားမားက ပြိုင်ဘက်ဟောင်း နယူးယောက် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်ကို ၎င်း၏ အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းလိုက်ပြီဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထုတ်ပြန်ကြေညာမည်

လာမည့် နိုဝင်ဘာ ၂၇ရက်တွင် ကျရောက်သည့် ကျေးဇူးတော်ချီးကျူးသည့်နေ့ ရုံးပိတ်ရက်အပြီးတွင် အစိုးရအဖွဲ့ဝင်စာရင်းကို လူသိရှင်ကြားထုတ်ပြန်ကြေညာမည်ဟု ဆိုသည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ပက်ရှဝါမြို့တွင် နိုဝင်ဘာ ၁၈ရက်က ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦးအား ဆေးရုံ၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းအိမ်တော်ဝင်းအတွင်း ဗုံးပေါက်ကွဲ ဆန္ဒပြသူတစ်ဦး သေဆုံး ၁၉ဦး ဒဏ်ရာရရှိ

ဗန်ကောက် နိုဝင်ဘာ ၂၁

ထိုင်းအစိုးရကိုဆန့်ကျင်သည့် ပြည်သူ့ဒီမိုကရေစီမဟာမိတ်အဖွဲ့(ပီအေဒီ)ပါတီက သိမ်းပိုက်ထားသော အစိုးရအိမ်တော်ဝင်းအတွင်း နိုဝင်ဘာ၂၀ရက် နံနက်စောစောပိုင်းက ဗုံးတစ်လုံးပေါက်ကွဲသည့်အတွက် ဆန္ဒပြသူတစ်ဦးသေဆုံးပြီး ၁၉ဦးဒဏ်ရာရသွားသည်။

ထိုင်းဘုရင့်အစ်မတော် ဈာပနကာလအတွင်း အပစ်အခတ် ရပ်ထားမှုအပြီး နောက်တစ်ရက် နံနက် ၃နာရီ ၂၅မိနစ်တွင် ထိုသို့ ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း နေရှင်းသတင်းစာ၏ အင်တာနက်ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန် ကွန်မန်ဒိုတပ်မှူးဟောင်း သေနတ်သမားတို့၏ လုပ်ကြံခံရ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၁

ပါကစ္စတန်စစ်ဘက် ကွန်မန်ဒိုတပ်မှူးဟောင်း ဗိုလ်ချုပ်အေမာဖိုင်ဆယ်အယ်လ်ဗီနှင့် ၎င်း၏ယာဉ်မောင်းတို့အား အစ္စလမ္မာဘတ်မြို့ ဆင်ခြေဖုံး၌ မော်တော်ဆိုင်ကယ်စီး သေနတ်သမားများက နိုဝင်ဘာ ၁၉ရက်တွင် ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ပိုမိုဆိုးရွား

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှ အယ်လ်ခိုင်ဒါနှင့် တာလီဘန်အမာခံနယ်မြေများကို ပါကစ္စတန်စစ်ဘက်က တိုက်ခိုက်ပြီး စစ်သွေးကြွများကလည်း လုံခြုံရေးတပ်များအား တုံ့ပြန်တိုက်ခိုက်လာမှုကြောင့် မကြာမီလများအတွင်းတွင် ပါကစ္စတန်နိုင်ငံလုံခြုံရေးမှာ အခြေအနေ ပိုမိုဆိုးရွားလာသည်။

အနားယူခဲ့

ဗိုလ်ချုပ်အေမာဖိုင်ဆယ်အယ်လ်ဗီမှာ ပါကစ္စတန်အထူးလုံခြုံရေး ကွန်မန်ဒိုတပ်မှူးတာဝန်ကိုယူခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်ကျော်က အနားယူခဲ့သူဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ချမ်းသာသည့်နိုင်ငံများ၏ ကုန်သွယ်ရေးပိတ်ပင်မှု ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန် ပြစ်တင်ဝေဖန်

ဖနောင်ပင် နိုဝင်ဘာ ၂၁

ချမ်းသာသည့်နိုင်ငံများက ဆင်းရဲသည့်နိုင်ငံများအပေါ် ကုန်သွယ်ရေးပိတ်ပင်တားဆီးမှုများ ကျင့်သုံးခြင်းအတွက် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ချမ်းသာသည့်နိုင်ငံများအား နိုဝင်ဘာ ၁၉ရက်က ပြစ်တင်ဝေဖန်လိုက်သည်။

ပိုမိုဆိုးရွား

ဆီယင်ရိပြည်နယ်၌ နှစ်ရက်ကြာကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများမှ ဝန်ကြီးအဆင့် ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ဝန်ကြီးချုပ်ဟွန်ဆန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

ရင်ဆိုင်ကြုံတွေ့

ဆင်းရဲသည့်နိုင်ငံများသည် ဖွံ့ဖြိုးပြီး ချမ်းသာသည့်နိုင်ငံများမှ ထုတ်ကုန်များအတွက် အမြဲတမ်း ဈေးကွက်ဖွင့်ပေးထားကြောင်း၊ သို့သော် ဆင်းရဲသည့်နိုင်ငံများက ချမ်းသာသည့်နိုင်ငံများ၏ ဈေးကွက်သို့ ဝင်ရောက်ရေး ကြိုးပမ်းရာတွင် ကုန်သွယ်ရေး အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့ရတော့ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားလိုက်သည်။**အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ ဟတ်ပြည်နယ်တွင် အမေရိကန်စစ်ယာဉ်တန်းအား အသေခံကား ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် အက်စစ်များဖြင့်ပက်ကာ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိခဲ့သူ မိန်းကလေးတစ်ဦးအား ကဘူးလ်ဆေးရုံ၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

ကူးလူးယက်သွယ်

"ဟားခါး-မှန်တောလမ်း ဖောက်လုပ်ပြီးပါက ဟားခါးမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ အချိန်တိုအတွင်း နေ့ချင်း အသွားအပြန် ကူးလူးယက်သွယ် သွားလာနိုင်တော့မှာပါ"

ဦးတင်အောင်ညွှန့်
(လက်ထောက်ညွှန်ကြားရေးမှူး
ပြည်နယ် ပြန်/ဆက်ဦးစီးဌာန)

✻ ကျောဖုံးမှ

သတင်းအဖွဲ့သည် အောက်တိုဘာ ၃၁ရက်(သောကြာနေ့) မွန်းလွဲပိုင်းတွင် ရွှေခြသေ့် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ဖြင့် လိုက်ပါလျက် တောင်ကိုကျော်၊ တံတားကိုဖြတ်၊ တကတ်တစ်ခါ ဆင်းတစ်လှည့်ဖြင့် ဖလမ်းမြို့မှ၄၄မိုင် ၃ဖာလုံ ဝေးကွာသော ဟားခါးမြို့သို့ ညမှောင်ရီပျိုးချိန်၌ ရောက်ရှိခဲ့ကြသည်။

မြန်မာ့အလင်း သတင်းအဖွဲ့ ချင်းပြည်နယ်၏အထင်ကရ ဟားခါးမြို့၏ ပြည်နယ်ရုံးရှေ့သို့ ရောက်ရှိချိန်၌ မြူနှင်းများကျဆင်းနေသည်။

ခဏအကြာမော်တော်ယာဉ်သုံးစီး ပြည်နယ်ရုံးရှေ့သို့ ဦးတည်ဆိုက်ရောက်လာသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ ဖြစ်ကြသည်။

ညှော်ရိပ်သာဆောင်ရောက်တော့ မြဝတီ ရုပ်/သံအဖွဲ့၊ ကြေးမုံသတင်းအဖွဲ့နှင့်ဆုံသည်။ မြဝတီရုပ်သံအဖွဲ့က တီးတိန်မြို့နယ်သို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ နံနက်စောစော ခရီးထွက်ကြမည်ဖြစ်သည်။

နိုဝင်ဘာ၁ရက် (စနေနေ့) နံနက်စောစောတွင် မြန်မာ့အလင်းသတင်းအဖွဲ့ ဟားခါးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာရန် ချိန်းဆိုထားပြီးဖြစ်သော ခရိုင်ပြန်/ဆက်ရုံးသို့ သွားကြရမည်။

မှန်တောလမ်း

သတင်းအဖွဲ့နှင့် ပြည်နယ် ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်တို့ စကားလက်ဆုံကျနေခိုက် ဒေသခံတိုင်းရင်းသား နွားနောက်မွေးမြူရေး ခြံပိုင်ရှင် ပြည်တော်သာရပ်ကွက်နေ ဦးကီဦလွှန်း(ခ) ဦးကျော်လွင် ရောက်ရှိလာသည်။ နွားနောက်ခြံကို နောက်မှသွားရန်နှင့် လက်ရှိဖောက်လုပ်ရန်ရှိနေသော မှန်တောလမ်းကို လေ့လာကြည့်ရန် ဆန္ဒစောနေကြသည်။

ပါရှိသည့် စစ်ဆေးရေးအဖွဲ့သည် ၂၀၀၆ခုနှစ် အောက်တိုဘာ၃၀ရက်တွင် ဟားခါးမြို့မှ စတင်ထွက်ခွာ၍ ဟားခါးမှ ၁၀မိုင်ခန့်ကွာဝေးသည့် အိုင်ဗဲကျေးရွာ၊ ၎င်းမှ ဆက်လက်ထွက်ခွာလျက် ဒေါင်းချောင်းအား ဖြတ်သန်းပြီး အော်လက်တောင်ကြော အတိုင်း ဟာသာကျေးရွာသို့ ထွက်ခွာခဲ့ကြသည်။

မှန်တောကျေးရွာမှ ဒေါင်းချောင်း ကျေးရွာအထိ အဖွဲ့ဝင်လေးဦးပါရှိသည့် စစ်ဆေးရေးအဖွဲ့သည် ၂၀၀၆ခုနှစ် အောက်တိုဘာ၃၀ရက်တွင် ကလေးမြို့မှထွက်ခွာ၍ ဆည်တောရွာတွင် အခြေပြုကာ ၂၀၀၆ခုနှစ် အောက်တိုဘာ၃၁ရက်နေ့၌ ဆည်တောရွာမှတစ်ဆင့် ယခင်ကာလက ဖောက်လုပ်ထားခဲ့သော 'လား'သွားလမ်းအတိုင်း ဟာသာကျေးရွာသို့ ထွက်ခွာခဲ့ကာ ဟာသာကျေးတွင် ဦးအောင်ဆန်းဦး ဦးဆောင်သော ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့နှင့် ပူးပေါင်းအခြေပြုခဲ့ကြသည်။

၂၀၀၆ခုနှစ် နိုဝင်ဘာ၁ရက်တွင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်မည့် မြေအနေအထားများကို အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့ပြီး မှန်တောကျေးရွာသို့ ၂၀၀၆ခုနှစ် နိုဝင်ဘာ၂ရက် နံနက် ၀း၃၀နာရီခန့်တွင် ရောက်ရှိအခြေပြုခဲ့ကြကြောင်း သိရသည်။

ဖောက်လုပ်ပြီးလမ်း

ဟားခါးမြို့မှ ဒါအိုချိမ်းကျေးရွာ လမ်းဆုံအထိ လမ်းအရှည် ၁၃မိုင်ကို ၁၉၉၂ ခုနှစ်မှ စတင်၍ ၁၂ပေ အကျယ်၊ မြေသားလမ်း ဖောက်လုပ်ခဲ့ပြီးဖြစ်သည်။ ဒါအိုချိမ်း လမ်းဆုံမှ ရှေ့ဆက်လမ်းအူကြောင်းတစ်လျှောက်၊ လမ်းအရှည် တစ်မိုင် လေးဖာလုံအား ချင်းပြည်နယ် 'နတလ'ရှိ မြေထိုးစက်ဖြင့် ၂၀၀၆ခုနှစ် ဇန်နဝါရီလမှစ၍ ၁၂ပေ အကျယ်မြေသားလမ်း ဖောက်လုပ်ခဲ့သည်။

စစ်ကိုင်းတိုင်း ကလေးမြို့မှ မှန်တောကျေးရွာသည် ၃၄မိုင် ၄ဖာလုံခန့် ကွာဝေးသည်။ မှန်တောကျေးရွာမှ ဒေါင်းချောင်းအထိ လမ်းအပိုင်းအား ၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် လည်းကောင်း၊ ဒေါင်းချောင်းမှ ဒါအိုချိမ်း ကျေးရွာလမ်းဆုံအထိ ၂၀၀၅ခုနှစ် ဧပြီလတွင်လည်းကောင်း၊ ဟားခါးမြို့မိမြို့ဖများနှင့် ကျေးရွာလူထုများ ပူးပေါင်း၍ လမ်းအူကြောင်းတစ်လျှောက် နှစ်ပေခန့်အကျယ် ဖောက်လုပ်ထားပြီး ဖြစ်သည်။

ရန်ပုံငွေရရှိ

ဒါအိုချိမ်း ကျေးရွာလမ်းဆုံမှ မြေသားလမ်း ခုနစ်မိုင်ဖောက်လုပ်ရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ မြေသားလမ်း တစ်မိုင်လျှင် ကျပ်ကိုးသိန်းနှုန်းဖြင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၆၃သိန်း ခွင့်ပြုပြီးနောက် ၁၂ပေအကျယ် မြေသားလမ်း တစ်မိုင် လေးဖာလုံ ဖောက်လုပ်ခဲ့ပြီး ဖြစ်သည်။

ချောင်းတံတားများ

ဟားခါး-မှန်တောကားလမ်းဖောက်လုပ်မည့် လမ်းကြောင်းတစ်လျှောက်တွင် ချောင်းမြောင်းများရှိသဖြင့် ၎င်းတို့အား ဖြတ်ကျော်ကူးသန်းသွားလာနိုင်ရန်အတွက် ဆောက်လုပ်ရမည့်တံတားများ၏ အခြေအနေမှာ ဖာအိုကပ်ချောင်း၊ စိသူးချောင်း၊ မာအိုချောင်း၊ ကြောင်လိန်ချောင်းတို့သည် ပိုက်ထည့်အသုံးပြုက လုံလောက်သော်လည်း ရေတံခွန်၊ တပ်လှဲချောင်း၊ ပိုင်စေချောင်း၊ ဆားတွင်းချောင်း၊ ဆားတွင်းချောင်းဖျားများသည် ပေ၂၀၊ ပေ၃၀ သစ်သားတံတားထိုးရန်နှင့် ဒေါင်းချောင်းသည် ပေ ၂၀၀အရှည် တံတားထိုးရန် လိုအပ်သည်။ ဟားခါးမြို့မှ ၁၀မိုင်အကွာ အိုင်ဗဲကျေးရွာသည် လမ်းကြောင်းပေါ်တွင် တည်ရှိသည်။

ဟားခါးမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့ မှန်တောကျေးရွာအထိ ဖောက်လုပ်နေသော လမ်းအစတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း (ဟားခါး-မှန်တော) ၆၂မိုင် ဆိုင်းဘုတ်ကို တွေ့မြင်ရစဉ်။ (မြန်မာ့အလင်း)

ဦးတင်အောင်ညွှန့်က ဟားခါးမြို့နှင့် မှန်တောကျေးရွာအထိ ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်ရာတွင် ဦးကျော်လွင်က တာဝန်ခံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်၍ သွားရောက်လေ့လာကြရန် မြန်မာ့အလင်း သတင်းအဖွဲ့ကို တိုက်တွန်းခဲ့သည်။

သို့ဖြင့် ဦးကျော်လွင်နှင့်အတူ လိုက်ပါခဲ့ကြရာ ယခင်နှင့်မတူ တိုးတက်ပြောင်းလဲနေသော ဟားခါးမြို့၏အလှကို မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။ ဖောက်လုပ်ရန် ပြင်ဆင်လျက်ရှိသော လမ်းစအရောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်း ဟားခါး-မှန်တော (၀၀မိုင်-၆၂မိုင်)ဟူသော လမ်းညွှန်ဆိုင်းဘုတ်ကြီးကို တွေ့လိုက်ရသည်။

ဦးတင်အောင်ညွှန့်နှင့် ဦးကျော်လွင်တို့သည် ချင်းပြည်နယ် ဟားခါးမြို့နှင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် မှန်တော ကျေးရွာမှတစ်ဆင့် ကလေးမြို့သို့ ကားလမ်းခရီးဖြင့် လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်စေရန်နှင့် နယ်မြေဒေသ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဟားခါးမြို့မှ မှန်တောကျေးရွာအထိ လမ်းအရှည် ၆၂မိုင်ခန့် ကွာဝေးသော လမ်းဖောက်လုပ်နေခြင်းကို မြေပုံအညွှန်းနှင့်တကွ ရှင်းလင်း ပြောပြသည်။

ဖောက်လုပ်သည့်လမ်းပေါ်ရှိကျေးရွာ

ဟားခါး-မှန်တောလမ်းကြောင်းတစ်လျှောက် ကျေးရွာများမှာ မန်နူ၊ နာဘွာလ်၊ ခွာဘဲ၊ ဘဲအိုသဲ၊ လုံနှမ်း၊ ဖိုင်၊ ဖျာသီး၊ ဖာရွန်း၊ အိုင်ဗဲ၊ ကျင်ခွား၊ မှိုင်ခ၊ ဗန်ဟား၊ ရွာဒယ်အို၊ ရွာနဲ၊ ဒါအိုချိမ်း၊ ဟိုင်ဖိုင်၊ ဟာသား၊ ရင်ပီး၊ ရင်သဲ၊ ကေပေါ်၊ ဟရန်ဟရိန်း၊ ဘန်တလန်ဟူ၍ ကျေးရွာပေါင်း ၂၂ရွာ ရှိသည်။

မြေအနေအထားနှင့် ခရီးမိုင်

ဟားခါးမြို့မှ ဒါအိုချိမ်းလမ်းဆုံအထိ ၁၃မိုင်၊ ဒါအိုချိမ်းလမ်းဆုံမှ ရှားခါးတောင်အထိ ၂၂မိုင်၊ ရှားခါးတောင်မှ အော်လက် တောင်ကြားအထိ ခုနစ်မိုင်၊ အော်လက်တောင်ကြားမှ သီလိုတောင်အထိ ခုနစ်မိုင်၊ သီလိုတောင်မှလှည်းစခန်းအထိ ကိုးမိုင်၊ မြေနီမြေမာ တောင်ပေါ်တောင်ကြောများဖြစ်ပြီး လှည်းစခန်းမှ မှန်တောကျေးရွာအထိ လေးမိုင်၊ မြေပြန့်သဲမြေဖြစ်၍ စုစုပေါင်း ၆၂မိုင်ကွာဝေးသော ခရီးလမ်းပင်ဖြစ်သည်။

ဟာသာကျေးရွာ

ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးအောင်ဆန်းဦး ဦးဆောင်သော အဖွဲ့ဝင် ခုနစ်ဦး

သစ်တောသယံဇာတ

ဟာသာကျေးရွာနှင့် မှန်တောကျေးရွာတစ်ဝိုက် ဒေသအခေါ်အဝေါ် နတ်ပုံချောင်း အနီးတစ်ဝိုက်တွင် ကျွန်းနှင့်သစ်မာအမျိုးအစားများဖြစ်သော ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း သစ်များ ပေါက်ရောက်လျက်ရှိသည်။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းပင်တို့သည် လုံးပတ် ခြောက်ပေ၊ အမြင့်ပေ ၅၀ ဝန်းကျင် အရွယ်အစားရှိပြီး အပင်အရေအတွက်မှာ ကျွန်းပင် ၅၀၀၀၊ ပျဉ်းကတိုးပင် ၅၀၀၀၊ အင်ကြင်းပင် ၅၀၀၀ ခန့်ရှိကြောင်း ခန့်မှန်းထားသည်။

အချိန်တိုအတွင်း သွားလာနိုင်

ယခင် ဟားခါးမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ ၁၂၄မိုင် ၃ဖာလုံ ဝေးကွာလျက်ရှိသော ခရီးကို တစ်ရက်အချိန်ပေး သွားလာနေရခြင်းအတွက် ၆၂မိုင်သာ ကွာဝေးသော ဟားခါး-မှန်တောလမ်း ဖောက်လုပ်ပြီးစီးပါက ဟားခါးမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ အချိန်တိုအတွင်း နေ့ချင်းပြန် ကူးလူးယက်သွယ် သွားလာနိုင်ကြမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်ရေး

ဤကဲ့သို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်ပြီဆိုပါက ဒေသထွက်ကုန်သီးနှံများ အပါအဝင် ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာပြီး အပြန်အလှန် လွယ်လင့်တကူ ရောင်းဝယ်ဖောက်ကား သွားလာနိုင်သောကြောင့် ချင်းပြည်နယ် သွေးချင်းတို့နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း ကွင်းဆင်း လေ့လာ ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြင်ဦးလွင်မြို့နယ် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် နိုဝင်ဘာ၂၀ရက်တွင် ပြင်ဦးလွင် မြို့နယ်အတွင်းရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ မိုးကြိုးပစ်- အခြေခံပညာ အထက်တန်းကျောင်းခွဲ ဝက်ဝံ-တွဲဖက် အခြေခံပညာအထက်တန်းကျောင်းတို့ကိုရောက်ရှိပြီး စာပေသင်ကြားမှု အခြေအနေ၊ ကျောင်းအဆောက်အအုံများ အခြေအနေ၊ သိပ္ပံလက်တွေ့ခန်းများ အသုံးပြုသင်ကြားမှု အခြေအနေ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားရေး၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ် တစ်ခုချင်းစီ၏ အောင်ချက်တိုးတက်မြင့်မားရေး၊ ဘာသာရပ်မှူးများက ဘာသာရပ်အလိုက် ကြပ်မတ် ဆောင်ရွက်ရေး၊ Guardian စနစ်ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများအား လေ့ကျင့်ခန်းများပေး၍ စစ်ဆေးကြပ်မတ်ပေးရေး၊ လပိုင်းမာတိကာနှင့်အညီ သင်ကြားရေး၊ အခန်းဆုံး စစ်ဆေးမှုများအား သတ်မှတ်ကာလအတိုင်း စစ်ဆေးပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၀၈ရက် (စနေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**ရှိတဲ့ကျေးဇူးဆပ်ကြမယ်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၁၀-၂း၁၀	အံ့မခန်း မြန်မာ့ပန်းပုပညာ လက်ရာရွှေကူတံကဲတော်ကြီး
၈း၁၀-၂း၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၃၅-၂း၃၅	နည်းပညာ အစွမ်းဖြင့် နိုင်ငံဂုဏ်မြှင့်မည့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀း၀၅-၄း၀၅	Activities in the City (Rhythm နာရီမိတ်ဆက်ပွဲ အခမ်းအနား)
၁၀း၁၅-၄း၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၂၅-၄း၂၅	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ သဲအောင်နှင့် တွေ့ဆုံခြင်း)
၁၁း၀၅-၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	အမျိုးသားရိုးရာ တိုင်းရင်းဆေးနည်းပညာ
၁၁း၃၅-၅း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၄၀-၅း၄၀	ကြည်နူးကုသိုလ် ပြုစေချင်သည် ရွှေမန်းတောင်၏ ဆုတောင်းပြည့်ရင်ပြင်ဆီ
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာ မြကန်သာ
၁၂း၁၅-၆း၁၅	ဥတိုဂေါက်ကွင်းနှင့် အပန်းဖြေစခန်း ပြန်လည်ဖွင့်လှစ်ခြင်း အကြိုမိတ်ဆက်ပွဲ
၁၂း၃၀-၆း၃၀	မျိုးဂုဏ်မြှင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၂း၄၅-၆း၄၅	သွားမယ်စားမယ် (COM FOOD & DRINK)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Liverpool -Fulham	ESPN (Live)
	Chelsea-Newcastle	STAR SPORTS (Live)
၁၁း၅၅	Aston Villa-Man Utd	STAR SPORTS (Live)
	Man City-Arsenal	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Inter Milan-Juventus	5-Cartoons(Live)

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

အကြိမ်(၂၀)မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ၁၄ရက်မှ ၁၉ရက်အထိ ကျင်းပခဲ့ရာ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ရွှေ၂၇ခု၊ ငွေ၂၂ခု၊ ကြေးခုနစ်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိသွားသည်။

ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ

ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းက ရွှေ၄၂ခု၊ ငွေ၄၅ခု၊ ကြေးခုနစ်ခုရရှိပြီး မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကျော့မဲ့ပြိုင်ပွဲ၌ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း) (Winner)၊ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)(1st Runner)၊ ဗိုလ်ကြီးသောင်းညွှန့်(ငြိမ်း)(2nd Runner)၊ အကျော့ပေးပြိုင်ပွဲတွင် ဗိုလ်မှူးသိန်းရွှေမြင့်(ငြိမ်း) (Winner)၊ ဗိုလ်မှူးမြတ်စိုး(ငြိမ်း) (1st Runner)၊ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) (2nd Runner)၊ ဗိုလ်ကြီးဝင်းအောင်(ငြိမ်း) (Most Bardier)၊ ဗိုလ်ကြီးစိုးသိန်း(ငြိမ်း) (Most Pare)၊ ဗိုလ်ကြီးဝဏ္ဏဝင်း(ငြိမ်း) (Longest Drive)၊ ဗိုလ်ကြီးအောင်နိုင်(ငြိမ်း) (Nearest Pin)၊ ဗိုလ်ကြီးဇော်မင်းအောင်(ငြိမ်း) (Best Loser)တို့က အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

22-11 (05).pmd 1 11/22/2008, 2:53 AM

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၂-၁၁-၂၀၀၈)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၁

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၇ရက်က နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့်တိုင်းမန်နေဂျာများက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်း အလိုက် ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်း စဉ်များကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများက ဌာနအလိုက် ဆောင်ရွက် လျက်ရှိသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ပြည်နယ်နှင့်တိုင်း မန်နေဂျာများနှင့် ပေါင်းစပ်ညှိနှိုင်း တင်ပြကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တုံတာမြို့တွင် ပျိုးဥယျာဉ်ဆောင်ရွက်

တုံတာ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေး ဆွေသည် အောက်တိုဘာ ၂၅ရက်က တုံတာမြို့စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက် သော ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပညာရေးအထောက်အကူပြု လေ့လာရေးစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၁

စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) နှင့် နမ့်ယန်းနည်းပညာတက္ကသိုလ် (NTU) တို့ ပူးပေါင်း၍ ၁၄ ရက်ကြာ ပညာရေးအထောက်အကူပြုလေ့လာရေးစခန်းကို စီစဉ်ပြုလုပ်သွားမည်ဖြစ်သည်။

ပါဝင်နိုင်

အဆိုပါဆောင်းရာသီစခန်းကို မြန်မာနိုင်ငံမှအသက် ၁၄နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများ ပါဝင်နိုင်ပြီး မိဘ အုပ်ထိန်းသူများလည်း အတူလိုက်ပါ လေ့လာနိုင်ကြောင်း၊ ကျောင်းသားလူငယ်များသာမက ဘွဲ့လွန်/ပါရဂူဘွဲ့ တက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများ စင်ကာပူပညာရေးနှင့် ထိပ်တန်းတက္ကသိုလ်များအကြောင်း တစေ့တစောင်းသွားရောက်လေ့လာလိုသူများလည်း ထိုဆောင်းရာသီစခန်းသို့ ပါဝင်နိုင်ကြောင်း သိရှိရသည်။

သင်တန်းကို NUS နှင့် NTU တို့ ပူးပေါင်း၍ စင်ကာပူပညာရေးကျွမ်းကျင် လက်မှတ်ရ AT&S Company Limited မှ ဦးဆောင်စီစဉ်ခြင်းဖြစ်ပြီး အဆိုပါ ပညာသင်စခန်းတွင် NUS နှင့် NTU မှ ပို့ချသော အထူးသင်တန်းချိန် ၁၂ ခု ပါဝင်သည်။ သင်တန်းချိန်တစ်ခုလျှင် နှစ်နာရီ ကြာမြင့်မည်ဖြစ်ပြီး NUS နှင့် NTU ရှိ အင်ဂျင်နီယာဌာန၊ သိပ္ပံနှင့်နည်းပညာဌာန၊ စီးပွားရေး နည်းပညာဌာန၊ ကွန်ပျူတာဌာန၊ အနုပညာဌာန၊လူမှုရေးရာသိပ္ပံဌာန၊ ဥပဒေရေးရာဌာန အစရှိသည့် ဌာနပေါင်းစုံမှ ဘွဲ့သင်တန်းများ၏ အကြောင်းကို သက်ဆိုင်ရာ ကထိကများက ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

ရှင်းလင်းပြသပေးမည်

ထို့အပြင် NUS နှင့် NTU များရှိ ကမ္ဘာ့ထိပ်တန်း သုတေသနဌာနကြီးများဖြစ်သည့် အင်ဂျင်နီယာ လက်တွေ့ခန်းများ၊ သိပ္ပံစမ်းသပ်ခန်းများ၊ ရူပဗေဒလက်တွေ့ခန်း၊ ဆက်သွယ်ရေးနည်းများ လက်တွေ့ခန်းတို့ကို ကျောင်းသား ကျောင်းသူများအား လိုက်လံ ရှင်းလင်းပြသပေးမည် ဖြစ်သည်။

သီးသန့်ခန်း

ဤဆောင်းရာသီစခန်းတွင်ပါဝင်မည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် NUS စာကြည့်တိုက်နှင့် ပြတိုက်တို့ကို သွားရောက် လေ့လာရမည်ဖြစ်ပြီး အခြား ပညာပေး သင်ခန်းစာများနှင့် အင်္ဂလိပ်စာ ပို့ချမှုများလည်း ပါဝင်မည်ဖြစ်သည်။ အစီအစဉ်အရ NUS ကျောင်းသားဆောင်၌ ခုနစ်ည နေထိုင်ရမည်ဖြစ်ပြီး NTU ကျောင်းသားဆောင်၌ တစ်ဦးစီ သီးသန့်ခန်းများဖြင့် နေထိုင်ရမည်ဖြစ်သည်။ နေ့စဉ် နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ကို စီစဉ်ကျွေးမွေးမည်ဖြစ်ပြီး အဆောင်၌နေထိုင်စဉ် ကာလအတွင်းအင်တာနက်နှင့်ကျောင်းသားအားကစားကွင်းများကို အခမဲ့ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ဤဆောင်းရာသီ ပညာသင်စခန်းတွင် ပါဝင်မည့် ကျောင်းသား ကျောင်းသူများ ဗဟုသုတ တိုးပွားစေရန် စင်ကာပူ အမျိုးသားစာကြည့်တိုက်၊ သဘာဝသမိုင်းပြတိုက်၊ စင်ကာပူ ရုက္ခဗေဒဥယျာဉ်၊ စင်ကာပူ ဒစ္စကာဗာရီ ပြတိုက်တို့ကိုလည်း သွားရောက်လေ့လာ ရမည်ဖြစ်သည်။

စာရင်းပေးသွင်း

ဤလေ့လာရေးစခန်းသို့သွားရောက် လိုသော ကျောင်းသား ကျောင်းသူများ၊ လူငယ်များအနေဖြင့် ဒီဇင်ဘာ ၅ရက် နောက်ဆုံးထား၍ AT & S Co.,Ltd. သို့စာရင်းပေးသွင်းရမည်ဖြစ်သည်။ ခရီးစဉ်ကုန်ကျစရိတ်နှင့် ခရီးစဉ်အသေးစိတ်ကို သိရှိလိုပါက အဆောင် ၅၊ အခန်း ၄ မြန်မာအင်ဖိုတက် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၅၈၊ ၆၅၂၂၈၈၊ ၆၅၂၃၂၀၊ ၀၉-၅၀-၆၂၁၆၁ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပေးအပ်လှူဒါန်း

နှစ်ဖက်သောမိဘများအား အမှူးထား၍ တာချီလိတ်မြို့ သူရိယသက်န်းတိုက် မိသားစု ဦးအောင်ဖြိုးရှိန်(မြို့နယ်သတင်းထောက်၊ မြန်မာ့အလင်း)-ဒေါ်နန်းနွတ် နွတ်(အိမ်တွင်းမှုသင်တန်းကျောင်း)၊ သမီး မနှင်းလဲ့ရည်အောင် မိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နိုဝင်ဘာ ၁၉ ရက်က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အာစရိယ ပူဇော်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန် တိ-မွေး-ကု တက္ကသိုလ် ၁၉၇၂-၁၉၇၈ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို နိုဝင်ဘာ ၉ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီက ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ဒေါက်တာထွန်းကြည်က ကန်တော့ချိုးကို တိုင်ကြားကာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဒေါက်တာမောင်မောင်စ(ပါမောက္ခချုပ်၊ ငြိမ်း)၊ ဆရာကြီး ဦးဝင်းကြည်တို့က ဆုံးမသြဝါဒစကားပြောကြားပြီး ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။ (၁၃၅)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့တွင် လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး H.E. Mr. Zhang Gaoli ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Guan Mu နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ၁၉ရက် ညနေပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်းမြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr.Tang Ying နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားအား သွားရောက်ဖူးမျှော်ကြည်ညိုကြပြီး မန္တလေးမြို့၏ ညနေဆည်းဆာကို မန္တလေးတောင်တော်မှ ကြည့်ရှုကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တီယန်ကျင်း မြူနီစီပယ်ဒေသ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူး H.E.Mr. Zhang Gaoli သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကုသိုလ်တော်စေတီတော်သို့ သွားရောက်ဖူးမျှော်ကြည်ညိုကြပြီး ကုသိုလ်တော်စေတီတော် ပရဝဏ်အတွင်းရှိ ကျောက်စာချပ်များကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား Mandalay Hill Resort ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ သွားရောက်၍ ကြည့်ရှုလေ့လာကြပြီး ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကိုလည်း ဝင်ရောက်ကြည့်ရှု လေ့လာကြသည်။

နှုတ်ဆက်

ညနေပိုင်းတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu၊ ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် သံရုံးအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းများဆင်း

ရန်ကုန် နိုဝင်ဘာ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၉/၃၀)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၉)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၆)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၆/၅၇) သင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၉)တွင် စံပြသင်တန်းသားဆုရရှိသူ ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးသောင်းထိုက်၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၃၀)တွင် စံပြ သင်တန်းသားဆုရရှိသူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)မှ နည်းပြ ဦးထွန်းထွန်း၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်း အမှတ်စဉ်(၁၉)တွင် စံပြသင်တန်းသူ ဆုရရှိသူ ဒွန်ဘန်အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ လက်ထောက်နည်းပြ ဒေါ်ဝေဝေအောင်တို့အားလည်းကောင်း၊ အိမ်တွင်းမှု လက်မှု လုပ်ငန်း(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၆) ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူ ဆုရရှိသူ ပခုက္ကူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းမှ ပစ္စည်းထိန်း-၄ ဒေါ်အိကေခိုင်၊ ဝါးဘာသာရပ်တွင် စံပြသင်တန်းသူ ဆုရရှိသူ ဆိပ်ဖြူ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်းမှ နည်းပြ ဒေါ်လေးလေးစံတို့အား လည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၆) တွင် စံပြသင်တန်းသားဆုရရှိသူ ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှအကြီးတန်းစာရေး ဦးသန်းနိုင်ဝင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၇)တွင် စံပြ သင်တန်းသားဆုရရှိသူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)မှ အငယ်တန်းစာရေး ဦးစောကောင်းမြတ်မင်းတို့အားလည်းကောင်း ထူးချွန်ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ကြာမြင့်ခဲ့

အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ၁၅၇ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

နိုဝင်ဘာ၂၁ရက်က (၃၇)နှစ်မြောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brig-Gen ANM Shawkat Jamal, ndc, psc နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားများ ပညာသင်ယူနိုင်မှု အခွင့်အလမ်း တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းပေါ်ထွက်လာရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာကောလိပ် ၄၉ခုတို့ကို တက္ကသိုလ်များအဖြစ်သို့ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၀ရက်မှစ၍ အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသို့ ဖွင့်လှစ်ပေးခဲ့သည့်အနက် ကရင်ပြည်နယ် အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)ကို ကွန်ပျူတာတက္ကသိုလ်(ဘားအံ)အဖြစ် တိုးမြှင့်ခြင်းသည်လည်း အပါအဝင်ဖြစ်သည်။

စဉ်ဆက်မပြတ်

ယခင်က အဆင့်မြင့်ပညာကို မြို့ပြများ၌သာ သင်ယူခွင့်ရရှိသည်။ ယခုအခါ နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ဒေသများအတွင်း ပညာရေး အခွင့်အလမ်းများ တစ်ပြေးညီ ပွင့်လန်းပြီး လက်လှမ်းတမီ ဆည်းပူးရရှိရေးနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ အုံနှင့်ကျင်းနှင့် ပေါ်ထွန်းတိုးပွားလာရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပညာရှင် ပညာတတ်များ၏ စွမ်းအားဖြင့် ဒေသအကျိုး ပိုမိုတိုးမြှင့် ဖော်ဆောင်ပေးသွားနိုင်မည် ဖြစ်သည်။

ပိုမိုမြင့်မား

ယင်းသို့ ဖော်ဆောင်နိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆူကြုံနိမ့်မြင့် ကွာဟမှုများ နည်းနိုင်သမျှ နည်းပါးသွားမည်ဖြစ်သည်။ ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသအနှံ့ တစ်ပြိုင်တည်း ဒွန်တွဲဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်ထောင်စု၏ ၏ ဖွံ့ဖြိုးတိုးတက်မှုလည်း အရှိန်အဟုန်ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သတင်းမှတ်စုမှတ်တမ်းပြုလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၁-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ကဗျာပန်းဥယျာဉ်
- ၈း၀၀ ၅။ တေးဂီတအစီအစဉ်
- ၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၇။ အမျိုးသားနေ့တေးများ
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ အကပဒေသာ
- ၈း၅၅ ၁၀။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ Yan Can Cook
- ၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၀ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာကုဋေကုဋာ** (အပိုင်း-၂၃)
- ၁၃း၁၅ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
- ၁၄း၀၀ ၈။ Breaking into a Run to Happiness
- ၁၄း၄၅ ၉။ International News

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
- ၄း၄၀ ၅။ အမျိုးသားနေ့တေးများ
- ၄း၅၀ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၁၅ ၈။ မြန်မာ့ခလေ့ရိုးရာလက်ဇော့
- ၅း၃၀ ၈။ ရှာပေါ်လွှင်သရုပ်ဆောင်လွှင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၅၀ ၁၂။ **ပဋ္ဌာလက်ကျောင်းတော်**
- ၇း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၁၅)
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
  - ၁၅။ နိုင်ငံတကာသတင်းများ
  - ၁၆။ မိုးလေဝသအခြေအနေ
  - ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၉)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နိုဝင်ဘာ ၂၁ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါလျှင် ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီ စင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

နိုဝင်ဘာ ၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ လွိုင်လင်မြို့တွင် ၂၁သမ၀၉ လက်မဖြစ်သည်။

နိုဝင်ဘာ၂၂ရက် (**ယနေ့**)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

နိုဝင်ဘာ၂၂ရက် (**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

■ *ကျောဖုံးမှ*

မော်တော်ကားလမ်း၏ ကျေးဇူးဖြင့် ကျောက်ဖြူမှထွက်ခွာမည့် မော်တော်ယာဉ်များ အသင့်နေရာယူထားကြပြီး ခရီးသည်များကလည်း သက်ဆိုင်ရာ မော်တော်ယာဉ်ဂိတ် အသီးသီးတွင် စုရုံးရောက်ရှိနေကြသည်။

မိုးရာသီတွင် အချို့နေရာများ တောင်ပြိုသဖြင့် ကုန်ကားကြီးများ သွားလာခွင့်ပိတ်ထားရာ ယခုအခါ ပွင့်လင်းရာသီရောက်လာပြီဖြစ်သဖြင့် ကုန်တင်ယာဉ်များကလည်း သွားလာရန် အသင့်ဖြစ်သကဲ့သို့ ဒေသခံ ကုန်သည်များကလည်း ဝမ်းမြောက်နေကြသည်။

မော်တော်ယာဉ်လိုင်း

မြန်မာ့အလင်းသတင်းအဖွဲ့သည် မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးသို့ သွားရောက် လေ့လာခဲ့သည်။

ကျောက်ဖြူမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ)အဖွဲ့ဝင် ၁၃ဦးနှင့်ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကော်မတီကို အဝေးပြေး မော်တော်ယာဉ်လိုင်းမှ ပုဂ္ဂိုလ်များ၊ မြို့နယ် မော်တော်ယာဉ်အသင်းမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်း ဖွဲ့စည်းထားကြောင်း၊ မထသဥက္ကဋ္ဌမှာ ဦးတင်လှဖြစ်ပြီး မြို့နယ် မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌမှာ ဦးအောင်သိန်းဖြစ်ကြောင်း မထသဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်က ရှင်းပြသည်။

ဆက်လက်၍အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဌာနခွဲစာရေးကြီး (အငြိမ်းစား)မထသရုံးအုပ်ကြီး ဦးငွေသိမ်းက ကျောက်ဖြူ-တောင်ကုတ်-ရန်ကုန်သို့ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များမှာ တစ်ဦးလျှင် ငွေကျပ်၁၇၀၀၀နှုန်းဖြင့် ရဲအောင်လံ၊ အောင်သစ္စာ၊ရိုးမသစ္စာ၊ထွန်းတောက်အောင် မော်တော်ယာဉ်လိုင်းများမှ မှန်လုံ(ဒေဝူး)ကားများဖြင့် ပြေးဆွဲလျက်ရှိပြီး အမ်းရိုးမနှင့် မာန်သစ္စာ ကားဂိတ်များမှာ ခေတ္တဂိတ်ပိတ်ထားကြောင်းနှင့် ယာဉ်လိုင်းအသီးသီး နံနက် ၆နာရီခွဲ၌ ထွက်ခွာကြောင်း ပြောပြသည်။

ပြေးဆွဲ

မြို့နယ် မော်တော်ယာဉ်လိုင်းများမှာ ကျောက်ဖြူမြို့မှ ရမ်းဗြဲ မိုင်၄၀ ခရီးသည်တစ်ဦးလျှင် ကျပ် ၃၅၀၀၊ ကင်း ၃၂မိုင် ကျပ်၃၀၀၀၊ စနဲ (နေ့ချင်းပြန်) ကျပ် ၃၀၀၀၊ ဇင်ချောင်း (နေ့ချင်းပြန်) ကျပ်၂၅၀၀၊ ဝမြောင် မိုင်၂၀ ကျပ် ၂၀၀၀၊ မင်းပြင် ၁၅မိုင် ကျပ်၁၅၀၀ ဖြင့် ပြေးဆွဲလျက်ရှိသည်။

မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိချိန်သည် ပွင့်လင်းရာသီဖြစ်သဖြင့် အဝေးပြေးမော်တော်ယာဉ်လိုင်းများ နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိသဖြင့် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်သဖြင့်အဆင်ပြေချောမွေ့နေသည်။

အိပ်မက်တံတား

သတင်းအဖွဲ့ မြို့နယ် မော်တော်ယာဉ်အသင်းကို လေ့လာနေစဉ် အဝေးပြေးကားဂိတ်သို့ ကိစ္စနှင့်ရောက်လာသည့် ဒေသခံ အသက်(၆၃)နှစ်ရှိ ရခိုင်လူမျိုး ဦးရန်ကြီးအောင်နှင့် တွေ့ဆုံရာ ဝမ်းသာအားရဖြင့် "ကျွန်တော် သုံးနှစ်သားကတည်းက မိဘများနဲ့ အတူ ကျောက်ဖြူမြို့ကို ရောက်ရှိနေထိုင်ပါတယ်။ ယခင်က ရန်ကုန်နှင့် တောင်ကုတ်သွားရင် လေကြောင်းခရီး၊ ရေကြောင်းခရီးနဲ့ သွားရပါတယ်။ ပင်လယ်ကူးသင်္ဘောတွေဖြစ်တဲ့ ပြည်တော်ညွန့်၊ ပြည်တော်အေးတို့နှင့် ရန်ကုန်ကို နှစ်ညအိပ်သုံးရက်သွားလာရလို့ အချိန်တွေကုန်ပါတယ်။ စရိတ်လည်းကုန်ပါတယ်။ အခုနိုင်ငံတော်ရဲ့ ကျေးဇူးကြောင့် အိပ်မက်တံတားတွေ ပေါ်လာလို့ ဘယ်လိုကျေးဇူးတင်ရမှန်း မသိပါဘူး၊ ကျွန်တော့်သားသမီး မြေးမြစ်တွေ လက်ထက်မှာ ကျွန်တော်တို့ ဒေသကို ဒီထက် ပိုမိုဖွံ့ဖြိုးလာမယ်လို့ ယုံကြည်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

မအီသို့

မြန်မာ့အလင်း သတင်းအဖွဲ့သည် ရဲအောင်လံ ကျောက်ဖြူ-ရန်ကုန် မော်တော်ကား ထွက်တော့မည်ဖြစ်သဖြင့် အမှန်တကယ် ဝမ်းသာနေကြသည့် ဒေသခံများနှင့် တွေ့ဆုံလိုသော်လည်း မော်တော်ကားပေါ်သို့တက်ကာ မအီသို့ ဦးတည်ခဲ့ကြသည်။

အံ့ဩငေးမော

"ပြောမယုံကြုံဖူးမှသိ" ဆိုသည့် ဆိုရိုးစကားအတိုင်း မအီမှ ကျောက်ဖြူသွား မော်တော်ကားလမ်းပေါ်ရှိတံတားများ၊ လမ်းများမှာ ဒေသခံများအဖို့ မဖြစ်လာနိုင်ဆိုသည်တို့ကို နိုင်ငံတော် အစိုးရက ပြည်တွင်းအင်အားဖြင့် အိပ်မက်တံတားများ ဆောက်လုပ်ကာ လက်တွေ့ပြသလိုက်ခြင်း ဖြစ်သည်။ မြန်မာ့အလင်းသတင်းအဖွဲ့မှာလမ်းဘေး ဝဲယာ ဒီရေတောများ၊ လမ်းများ၊ တံတားများကိုကြည့်ပြီး အံ့ဩငေးမောနေမိပါသည်။

မအီတံတားကို ကြည့်ရှု ဓာတ်ပုံရိုက်ပြီးပြန်လာရာ ပိန္နဲတောင်လမ်းခွဲတွင် အသင့်စောင့်နေသောထော်လာဂျီဖြင့် ရမ်းဗြဲသို့ ခရီးဆက်ခဲ့ကြသည်။

လက်တွေ့ခံစား

ပိန္နဲတောင်မှ ရမ်းဗြဲသို့ ယခင်က ကျောက်ဖြူမြို့နယ်စပ် ပတ်ကာ ၂၇မိုင် ၂ဖာလုံ မော်တော်ကားဖြင့် သွားလာရပြီး ယခုအခါ နိုင်ငံတော်မှ ပိန္နဲတောင်-ရမ်းဗြဲသို့ ၉မိုင်၃ဖာလုံ မော်တော်ကားလမ်း စတင်ဖောက်လုပ်နေပြီး မြေသားလမ်းပေါ်တွင် သုံးတန်အောက် ယာဉ်ငယ်များ ပြေးဆွဲနေပြီဖြစ်သည်။ အချိန်ကုန် ငွေသက်သာမှုကြောင့် ဒေသခံများ လက်တွေ့ခံစားနေကြရပေပြီ။

"ကျွန်တော်တို့ ပိန္နဲတောင်မှ ရမ်းဗြဲမြို့အထိ ပေ၅၀အထက် တံတား ၂၂စင်း၊ ပေ ၅၀အောက် တံတား လေးစင်း စုစုပေါင်းတံတား ၂၆ စင်း တည်ဆောက်ပြီး ဖြစ်ပါတယ်။ အဲဒီ တံတား ၂၆စင်းအနက် တစ်စင်းသာ ခရီးသည်တင်ကားကြီးများ ဖြတ်သန်းနိုင်ပြီး ကျန်၂၅စင်းက တံတားဟောင်း တံတားကျဉ်းများဖြစ်လို့ အသစ်ဆောက်ရမှာဖြစ်ပါတယ်။ သုံးတန်အောက် ခရီးသည်ကားများ ယခုအခါ သွားလာနိုင်ပါတယ်" ဟု ဦးစံရွှေက ရှင်းပြသည်။

ဖွံ့ဖြိုးတိုးတက်

စစ်ပြားရွာအဝင်တွင် စက်ယန္တရားကြီးများဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများက မြေညှိ၊ မြေဖို့နေသည်ကို တွေ့ရသဖြင့် ဓာတ်ပုံမှတ်တမ်းတင်ခဲ့သည်။ ထိုအချိန်မှာပင် ခရီးသည်တင် ထော်လာဂျီတစ်စီး ခရီးသည်များနှင့် ရမ်းဗြဲမှ လာသည်ကို တွေ့ရသည်။ ခရီးသည်တစ်ဦး ရမ်းဗြဲအထိ ကျပ်၅၀၀ ပေးရသဖြင့် ဒေသခံ ခရီးသွားများအတွက် အဆင်ပြေလှသည်။

ပိန္နဲတောင်-ရမ်းဗြဲ မော်တော်ကားလမ်းပေါ်တွင် ရမ်းသူကြီး(အညာရွာ)၊ ရမ်းသူကြီး(အဝရွာ)၊ စစ်ပြား၊ ရမ်းသစ်ချေ၊ လက်ပန်၊ ကန်တောပြင် ကျေးရွာခြောက်ရွာ တည်ရှိသဖြင့် ယင်းကျေးရွာများနေ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့သည် ပိန္နဲတောင်-ရမ်းဗြဲ လမ်းကြောင့်များစွာ ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည်။

စစ်ပြား တောင်ပေါ်တွင်လည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှစက်ယန္တရားကြီးများနှင့် တောင်ကမ်းပါးယံများကိုဖြိုကာ လိုအပ်သည့်နေရာများသို့ မော်တော်ယာဉ်ကြီးများနှင့်သယ်ပို့ မြေဖို့နေသည်ကို တွေ့ခဲ့ရသည်။

ဖောက်လုပ်ပြီးစီး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပိန္နဲတောင်-ရမ်းဗြဲသွား မြေသားမော်တော်ကားလမ်းမှာ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိချိန်တွင် ၅မိုင် ၃ဖာလုံ ပြီးစီးနေပြီး ဆက်လက်၍ သုံးတန်အောက်ယာဉ်ငယ်များ သွားလာနိုင်ရန် တစ်ကြောင်းထိုး မြေသားလမ်း လေးမိုင် ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်အချို့က ရမ်းဗြဲ-ရန်ကုန် တိုက်ရိုက် လူစီး မှန်လုံကားများ စတင် ပြေးဆွဲခွင့် တောင်းရာ သက်ဆိုင်ရာမှ တံတား အချို့ ပြုပြင်ရန်ရှိသဖြင့် လောလောဆယ် ပြေးဆွဲခွင့်မပြုသေးသော်လည်း တံတားများပြီးစီးပါက ရမ်းဗြဲ-ရန်ကုန် ခရီးသည်တင် မှန်လုံကားကြီးများ ပြေးဆွဲလျှင် ဒေသခံတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ပိန္နဲတောင်မှ ရမ်းဗြဲသို့သွားရာ လမ်းဘေးဝဲယာတွင် ဝင်းမှည့်နေသော စပါးခင်းများက အစီအရီဖြစ်သည်။ ဒေသခံလယ်သမားကြီးများ၏ကြိုးပမ်းမှုမှာ ၁၅ပေ ပတ်လည်လောက်သာရှိသည့် မြေကွက်လပ်ပင် မကျန်အောင် စိုက်ပျိုးထားသည်။

သက်သေခံ

ရမ်းဗြဲမြို့နယ်တွင် ယမန်နှစ်က မိုးစပါးဧက၆၀၂၅၀စိုက်ပျိုးရာစံကွက်တွင် တစ်ဧက ၉၇ဒသမ ၅၆တင်း ထွက်ရှိ၍ တစ်မြို့လုံး ပျမ်းမျှ ၆၄ ဒသမ ၁၃တင်း ထွက်ရှိကာ ဒေသဝမ်းစာဖူလုံမှုမှာ ၁၅၈ဒသမ၆၁ရာခိုင်နှုန်းဖြစ်သဖြင့် သီးနှံအောင်ချက်ကောင်းသည့် မြို့ဖြစ်သည်။ ယခုအခါ မိုးစပါး စတင်ရိတ်သိမ်းနေပြီဖြစ်သဖြင့် အထွက်ကောင်းမည်ဖြစ်ကြောင်း လမ်းခရီးတွင် တွေ့ခဲ့ရသော စပါးခင်းများက သက်သေ ပြနေသည်။

မြို့နယ်အတွင်း ဆီဖူလုံမှုမှာ စပါးအပြီး သီးထပ် ၈၈၃၉ဧက ယမန်နှစ်တွင်စိုက်ပျိုးရာ တစ်ဧက ၄၈ဒသမ ၈၉တင်း ထွက်ရှိပြီး ဆီဖူလုံမှုမှာ လူတစ်ဦး ခြောက်ပိဿာနှုန်းဖြင့် ၉၉ဒသမ ၉၇ရာခိုင်နှုန်း ဖူလုံသဖြင့် ရာနှုန်းပြည့်နီးပါး အောင်မြင်ခဲ့သည်။ မြို့နယ်အတွင်း ပင်ထောင်မြေပဲသာ စိုက်ပျိုးရာ ယခုအခါ ဧက ၁၅၀ သာ စိုက်ပျိုးပြီး ဧက၂၀၀၀ တိုးချဲ့စိုက်ရန် လျာထားကြောင်း ကြားသိခဲ့ရသည်။

ရော်ဘာခြံ

သတင်းအဖွဲ့သည် မော်တော်ဆိုင်ကယ်များနှင့် ကျောက်ဖြူမြို့သွားကားလမ်းဘေးရှိ ဦးတင်အောင်၏ ဥယျာဉ်ရွှေနန်းတော် ပုဂ္ဂလိကရော်ဘာခြံသို့ သွားရောက်လေ့လာခဲ့သည်။

အဖြူရောင်သန်းနေသည့်စင်များဖြင့် နေလှန်းထားသော ရော်ဘာပြားများနှင့် ရော်ဘာစိမ်းမှ ရော်ဘာပြား ထုတ်လုပ်သည့် အလုပ်ရုံက သတင်းအဖွဲ့အား ကြိုဆိုနေသည်။

ဥပဒေအဖွဲ့ရ ဦးတင်အောင်က "ကျွန်တော့်ခြံမှာ အလုပ်သမား ခြောက်ဦးရှိပြီး လစာအနိမ့်ဆုံး ကျပ် ၃၀၀၀၀မှကျပ်၄၂၀၀၀အထိ ပေးပါတယ်၊ လုပ်အားခက အလုပ်ကြိုးစားမှုအပေါ် မူတည်ပေးပါတယ်၊ သားသမီးနှစ်ဦးရှိပါတယ်၊ သားက GTI အောင်မြင်ပြီး ခြံလုပ်ငန်းကို ဦးစီးပါတယ်၊ သမီးငယ်က ဥပဒေနဲ့ ကျောင်းပြီးပါပြီ၊ နေ့စဉ် ရော်ဘာ ၁၀ဧကကို အစေးထုတ်ယူပါတယ်၊ တစ်လမိသားစုဝင်ငွေကျပ်၁၂သိန်းမျှ ရပါတယ်" ဟု ပြောပြသည်။

အောင်မြင်နေ

ရော်ဘာပင်မှ ရော်ဘာများကို မိုးတွင်းမှအပ နေ့စဉ်ထုတ်ယူကာ DRC ခေါ် ရော်ဘာအစေးသား ပါဝင်မှုနှုန်းတိုင်းတာသည့် ကိရိယာဖြင့် တိုင်းတာသတ်မှတ်သည့် ဆေးများထည့်ကာ အမိုးအောက် နှစ်ရက်လှန်းကာ အခြောက်ခံရသည်။ အဆိုပါခြံမှ တစ်နေ့ အခြောက်ပေါင် ၇၀ထွက်ရှိသဖြင့် ဒေသခံ ပုဂ္ဂလိကလုပ်ငန်းရှင်မှာ အထိုက်အလျောက် အောင်မြင်နေကြပေပြီ။

ယခုအခါ ရမ်းဗြဲမြို့နယ်အတွင်းရှိ ပုဂ္ဂလိက ရော်ဘာလုပ်ငန်းရှင် ၃၈ဦးက ရော်ဘာလုပ်ငန်းသည် ဒေသနှင့် ကိုက်ညီအောင်မြင်သဖြင့် ၇၆၁ဧကတွင်ရော်ဘာများဆက်လက် စိုက်ပျိုးနေပြီဖြစ်ရာ မကြာမြင့်မီ ကာလတွင် ရော်ဘာလုပ်ငန်းရှင်တို့၏ စီးပွားရေး အောင်မြင်ဖြစ်ထွန်းလာမည်ကား မလွဲပေ။

စာကြည့်တိုက်

ဆက်လက်၍ ကျောက်ဖြူသို့ ယခင် ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်ဖြူ-ရန်ကုန် မော်တော်ကားလမ်းမပေါ်ရှိ ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာ အလင်းသစ်စာကြည့်တိုက်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးထွန်းတင်က ၁၉၉၇ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဖွင့်လှစ်ပေးပြီး ၂၁လက်မ ရုပ်မြင်သံကြားစက်၊ သုတ ရသ စာအုပ် ၇၀၀ခန့်နှင့် မဂ္ဂဇင်းမျိုးစုံ ၄၅၀ရှိကြောင်း၊နံနက်၁၀ နာရီမှညနေ ၃နာရီအထိ တစ်ပတ် လေးရက်ဖွင့်ကြောင်း၊ စာကြည့်တိုက်ဖွင့်ချိန်တွင် တစ်နေ့ ၁၅ဦးမျှ လာရောက်ဖတ်ရှုကြောင်း ပြောပြပါသည်။

တစ်ဆက်တည်းမှာပင်ဇင်ချောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း တပ်ဖွဲ့ဝင် မိသားစုများ ကိုယ်ပိုင်ငွေ တစ်ဦး ငွေကျပ် ၁၀၀၀၀ဖြင့်စုကာ ပုဂ္ဂလိက ကုန်သည်များနှင့်အပြိုင် မိသားစုများက ပုစွန်များဝယ်ကာ ပုစွန်ခြောက်များပြုလုပ်ပြီး ပြန်ရောင်းရငွေမှ အမြတ်ကို နေ့ချင်း ခွဲဝေပေးသည့် တပ်ဖွဲ့ဝင်မိသားစုများ ညီညွတ်စွာ စုပေါင်းလုပ်သည့် လုပ်ငန်းကို ဝင်ရောက် ကြည့်ရှုလေ့လာခဲ့ကြပါကြောင်း။ ။

(မြန်မာ့အလင်း)



ရန်ကုန်မြို့မှသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ဆီသို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးပြုနေသည့် အရှည်၂၇၀၄ပေရှိ မင်းကြောင်းချောင်းတံတားကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာ စာကြည့်တိုက်၌ စာပေလေ့လာဖတ်ရှုသူများအား ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



ရမ်းဗြဲမြို့နယ်ရှိ ဥယျာဉ်ရွှေနန်းရော်ဘာခြံ၌ ရော်ဘာထုတ်လုပ်မှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကျောက်ဖြူ-မအီလမ်း ကျောက်သားခင်းခြင်းလုပ်ငန်းကို ဤသို့ ဆောင်ရွက်နေသည်။ (မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

မြန်မာ့လက်ရွေးစင်အသင်းကတော့ Grand Royal Challenge Cup ဘောလုံးပြိုင်ပွဲမှာ သုံးကြိမ်ဆက်တိုက် ဗိုလ်စွဲခြင်းနဲ့အတူပြိုင်ပွဲကိုအောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပါတယ်။ အုပ်စုတွင်းက တွေ့ဆုံခဲ့တဲ့ အင်ဒိုနီးရှားအသင်းကို အဲဒီရလဒ်အတိုင်းပင် နှစ်ဂိုး-တစ်ဂိုးနဲ့ ထပ်မံအနိုင်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ အခု အောင်မြင်မှုကတော့ ၂၀၀၇ခုနှစ် ဧပြီလကစပြီး မြန်မာအသင်းကို ကိုင်တွယ်ခဲ့တဲ့ ဘရာဇီးလူမျိုး နည်းပြ ဖလော်ပါရဲ့ မြန်မာအသင်းအတွက် ပထမဦးဆုံး ရယူပေးခဲ့တဲ့ ချန်ပီယံဆုဖလားပါပဲ။ ၂၀၀၇ခုနှစ်အတွင်းမှာ (၃၉) ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင်အသင်း၊(၂၄)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာယူ-၂၃အသင်းတို့ကို ဗိုလ်လုပွဲ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ပေမယ့် ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရပါတယ်။

မြန်မာပရိသတ်ကြီး

မြန်မာအသင်းကို ချန်ပီယံဆုဖလား ထပ်မံဆွတ်ခူးရရှိအောင် စွမ်းဆောင်ခဲ့သူတွေကတော့ တစ်သင်းလုံးလို့ ပြောလို့ရပါတယ်။ အဓိကကတော့ တိုက်စစ်မှူး စိုးမြတ်မင်းနဲ့ ဂိုးသမားအောင်အောင်ဦးတို့ပါပဲ။ စိုးမြတ်မင်းဟာ မြန်မာအသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို သူ့ရဲ့ အမှတ်အသားဖြစ်တဲ့ ခေါင်းတိုက်ဂိုးတွေနဲ့သွင်းယူပေးခဲ့တာဖြစ်ပြီး ဂိုးသမားအောင်အောင်ဦးကတော့ အင်ဒိုနီးရှားရဲ့ သေချာပေါက်ဂိုးသွင်းမှုတွေကို လက်စွမ်းပြကာကွယ်သွားခဲ့တာ ဖြစ်ပါတယ်။ ဒီနေ့ပွဲ မြန်မာအသင်းအနိုင်ရရှိရာမှာ အဓိကပံ့ပိုးခဲ့သူတွေကတော့ မြန်မာဘောလုံးပရိသတ်ကြီးပါပဲ။ ရန်ကုန်မြို့ကသာမက နယ်အချို့ကပါ လာပြီး တစ်ခဲနက် အားပေးခဲ့ကြလို့ သုဝဏ္ဏကွင်း လေးဖက်လေးတန် ပြည့်လျှံသွားတဲ့အထိပါပဲ။ အဲဒီ ပရိသတ်တွေဟာ မြန်မာဘောလုံးကို အရှုံးအမှုံး အားပေးချင်လို့ မွန်းလွဲ ၂နာရီကျော်ကတည်းက ရောက်ရှိနေတယ်ခဲ့ကြတာပါ။ ပွဲချိန်တစ်လျှောက်လုံး

"မြန်မာအသင်း ဒီနေ့ကစားတာ ပိုကောင်းပါတယ်"
ဆူဒါနို
အင်ဒိုနီးရှား လက်ထောက်နည်းပြ။

အလံငယ်များဝှေ့ယမ်းကာ **"မြန်မာ မြန်မာ"**လို့ တစ်ခဲနက် ကြွေးကြော်အားပေးခဲ့ကြပါတယ်။ ထိုကဲ့သို့ ကြက်သီးမွေးညင်းထလောက်အောင် အားပေးခဲ့ကြတဲ့ မြန်မာဘောလုံးပရိသတ်ကြီးကြောင့်လည်း မြန်မာအသင်း စိတ်ဓာတ် ပိုတက်ကြွပြီး ဗိုလ်စွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကာကွယ်နိုင်ခဲ့

လေးဖက်လေးတန်က မြန်မာဘောလုံး ပရိသတ်ကြီး၏ ဘဝင်အထိ ညံမယ့် အားပေးမှုနှင့်အတူ မြန်မာအသင်းဟာ ပွဲစကတည်းက တောက်လျှောက် တိုက်စစ်ဆင်ခဲ့ပါတယ်၊ ရန်ပိုင် ဒဏ်ရာကြောင့် မကစားနိုင်သေးတာကြောင့် ကျော်သီဟကို ပွဲစကတည်းကထုတ်ပြီး မလေးရှားကို အကြိုဗိုလ်လုပွဲ၌ ဂိုးပြတ်အနိုင်ရခဲ့တဲ့ လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပါတယ်၊ အင်ဒိုနီးရှားကတော့ အူတီနာ၊ ဘမ်ဘန်း၊ မူဆာဖီ၊ ယူလီအန်တိုတို့နဲ့ လူစုံ ပါဝင်ကစားပြီး ခြေစွမ်းအရကတော့ အုပ်စုပွဲစဉ်နဲ့ တခြားစီပါပဲ၊ မြန်မာဘောလုံးပရိသတ်ကိုရှိန်မနေဘဲ မြန်မာဘက်ကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့ပါတယ်၊ အကြိတ် အနယ်

အနိုင်ရဗိုလ်စွဲပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်အား အားကစားသမားများက ဂုဏ်ပြုချီးမြှောက်ခဲ့ကြသည်မှာ....။ (မြန်မာ့အလင်း)

ဖြင့် ပွဲစကတည်းက အပြန်အလှန်ရှိခဲ့ပြီး သုံးမိနစ်မှာပဲ တိုက်စစ်မှူး ဘမ်ဘန်းရဲ့ အပိုင်ကန်သွင်းမှုကို အောင်အောင်ဦးက ကာကွယ်နိုင်ခဲ့ပါတယ်။

လမ်းကြောင်းပြောင်းဂိုးဝင်

မြန်မာတိုက်စစ်ဟာ ရာဇာဝင်းသိန်းနဲ့ မျိုးမင်းထွန်းတို့ရဲ့ တောင်ပံနှစ်ဖက်ကိုပဲ အားပြုထိုးဖောက်ခဲ့ပါတယ်။ ခြောက်မိနစ်မှာတော့ မြန်မာ့အသင်း ဦးဆောင်ဂိုးရသွားပြီး ဇော်ထက်အောင် ကန်တင်ပေးတဲ့ပြစ်ဒဏ်ဘောကို အသင်းခေါင်းဆောင် စိုးမြတ်မင်းက ပယ်နယ်တီဧရိယာ အစပ်နားကနေ ခေါင်းတိုက် သွင်းယူသွားတာဖြစ်ပါတယ်။ ဂိုးရပြီးနောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ အင်ဒိုနီးရှားကို ကစားကွက်အသာစီး မယူနိုင်တော့ဘဲ အင်ဒိုနီးရှားရဲ့ တစ်ကျော့ပြန်ဖိအားပေးတာကို ခံခဲ့ရပါတယ်။ မြန်မာခံစစ်ကြောင်းကို ဒုက္ခပေးသွားတာကတော့ မူဆာဖီနဲ့ဘမ်ဘန်းတို့ တိုက်စစ်အတွဲပါပဲ။ တိုက်စစ်မှူး မူဆာဖီ ဂိုးရရှိနိုင်တဲ့ အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ပေမယ့် အောင်အောင်ဦး တစ်ကြိမ်ကာကွယ်နိုင်ခဲ့ပြီး တစ်ကြိမ်ကတော့ ဘေးထွက်သွားခဲ့ပါတယ်။ ၁၄ မိနစ်မှာတော့ အင်ဒိုနီးရှားအသင်း ချေပဂိုး ပြန်ရသွားပြီး ဘယ်ခြမ်းက မူဆာဖီဖြတ်ပို့တာကို မိုးဝင်းနဲ့ထိပြီး လမ်းကြောင်း ပြောင်းကာ ဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။

တစ်ဂိုးစီသရေ

ဂိုးပေးရပြီး နောက်ပိုင်းမှာတော့ မြန်မာအသင်းဟာ အသာစီးရယူနိုင်ဖို့အတွက် ဘောလုံးပိုင်ဆိုင်မှုများအောင် ကစားခဲ့ပါတယ်။ မိနစ် ၂၀မှာ မြန်မာအသင်းဂိုးထပ်ရဖို့ အပိုင်အခွင့်အရေးရခဲ့ပြီး စိုးမြတ်မင်းဂိုးသမားကို လိမ်ပြီး ကန်သွင်းခါနီးကျမှ နောက်ခံလူက ဖျက်ထုတ်သွားတာပဲဖြစ်ပါတယ်။အဲဒီနောက်ပိုင်းမှာ မြန်မာအသင်း တရစပ်တိုက်စစ်ဆင်ခဲ့ပေမယ့် ဇော်ထက်အောင်နဲ့ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်းတို့ရဲ့ ကန်သွင်းချက်တွေ ဂိုးမဝင်တာကြောင့်လည်း ပထမပိုင်းမှာ တစ်ဂိုးစီသရေကျနေပါတယ်။

ပိုင်ပိုင်နိုင်နိုင်အသုံးချ

ဒုတိယပိုင်းအစမှာတော့ အင်ဒိုနီးရှားအသင်းဟာ လူအပြောင်းအလဲလုပ်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ အင်ဒိုနီးရှားရဲ့ အပြောင်းအလဲမှန်ကန်တယ်လို့ပြောလို့ရပြီး မြန်မာဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ၄၆ မိနစ်မှာ နံပါတ်-၁၁ အက်စ်ဟာမန်ရဲ့ ဘီးကုပ်ထိပ်က မနားတမ်း ကန်ချက်ကို အောင်အောင်ဦး လက်စွမ်းပြဖမ်းလိုက်ရပြန်ပါတယ်။မြန်မာနောက်ခံလူတွေနဲ့ ဂိုးသမားတို့ ဖျက်အားကောင်းလို့သာ ဂိုးမပေးခဲ့ရတာဖြစ်ပါတယ်။ ၅၇မိနစ်

"မြန်မာအသင်းနဲ့ ပရိသတ်ကြီးကို ချစ်လို့ အာဆီယံဆုဖလားကို ရအောင် ကြိုးစားသွားမယ်"
ဖလော်ပါ
မြန်မာအသင်း
နည်းပြ။

မှာတော့ ကျော်သီဟအစား အောင်ကျော်မိုးကိုထည့်ပြီး အောင်ကျော်မိုးကို ညာဘက်ခြမ်းထားကာ ရာဇာဝင်းသိန်းကို စိုးမြတ်မင်းနဲ့ တိုက်စစ်မှာတွဲပေးခဲ့ပါတယ်။ အနိုင်ဂိုး ရဖို့အတွက် မြန်မာအသင်းဟာ တိုက်စစ်အားမြှင့်လာခဲ့ပြီး မြန်မာဘောလုံးပရိသတ်ရဲ့ အားပေးမှုကြောင့် ပိုမိုဖိအားပေးလာနိုင်ပါတယ်။ ၆၅မိနစ်မှာတော့ မြန်မာအသင်း အနိုင်ဂိုးရသွားပြီး ပထမဂိုးလိုပဲ ဇော်ထက်အောင်ရဲ့ ပြစ်ဒဏ်ဘောကို စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားရဲ့ လူကပ်တာ အားနည်းမှုကို စိုးမြတ်မင်းက ပိုင်ပိုင်နိုင်နိုင် အသုံးချသွားတာ ဖြစ်ပါတယ်။

အနိုင်ရပြီးချိန်မှာတော့ မြန်မာအသင်းဟာ မင်းသူအစား ဟန်ဝင်းအောင်၊ စိုးမြတ်မင်းအစား ထွန်းထွန်းဝင်းတို့ကိုထည့်ပြီး ကွင်းလယ် ကစားကွက် အသာရဖို့ လုပ်ခဲ့ပါတယ်။ ပွဲပြီးခါနီးမှာတော့ အင်ဒိုနီးရှားဟာ ချေပဂိုးရဖို့တိုက်စစ်ဆင်လာပါတယ်။ ဘမ်ဘန်းရဲ့ အနီးကပ် ကန်ချက်အပါအဝင်အင်ဒိုနီးရှားရဲ့တိုက်စစ်တွေကို မြန်မာခံစစ်အကောင်းဆုံးဟန့်တားနိုင်ခဲ့လို့ နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရဗိုလ်စွဲသွားခဲ့ပါတယ်။ ပွဲအပြီးမှာတော့ **'ဒို့မြန်မာနိုင်ပြီ'** ဆိုတဲ့သီချင်းသံနဲ့အတူ မြန်မာဘောလုံးသမားများအောင်ပွဲခံခဲ့ကြပါတယ်။ ဒီအောင်မြင်မှုကတော့ ၂၀၀၈ခုနှစ်အတွက် မြန်မာဘောလုံးအသင်းရဲ့ ပထမဦးဆုံးအောင်မြင်မှုဖြစ်တာကြောင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊

မြန်မာပရိသတ်များ မြန်မာနည်းပြဆရာနှင့်အတူ ဤသို့အောင်ပွဲခံခဲ့ကြသည်။ (မြန်မာ့အလင်း)

ပထမဆုဖလားဆွတ်ခူးရရှိခဲ့သော မြန်မာအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နည်းပြ ဖလော်ပါ အပါအဝင် တစ်သင်းသားလုံး အောင်ပွဲခံခဲ့ကြပါတယ်။ မြန်မာဘောလုံးပရိသတ်ကြီးကလည်း ကွင်းထဲအထိဆင်းပြီး မြန်မာဘောလုံးသမားတွေနဲ့အတူ အောင်မြင်မှုကို မျှဝေခံစားခဲ့ကြပါတယ်။

ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ ရာဇာဝင်းသိန်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အကောင်းဆုံးဘောလုံးသမားဆု

ဗိုလ်လုပွဲအတွက် အကောင်းဆုံးဘောလုံးသမားဆုကို စိုးမြတ်မင်းက ရရှိခဲ့ပြီး ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ရရှိခဲ့ပါတယ်။ ပထမဆုရ မြန်မာအသင်းက ဆုဖလား၊ ဆုကြေး ဒေါ်လာ၁၅၀၀၀နဲ့အတူ တစ်ဦးချင်း ဆုတံဆိပ်၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းက တစ်ဦးချင်း ဆုတံဆိပ်နဲ့ ဒေါ်လာ ၇၅၀၀ရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို ရာဇာဝင်းသိန်းက ရရှိသွားပြီး ဆုကြေးဒေါ်လာ ၁၀၀၀ ရရှိသွားပါတယ်။ ရာဇာဝင်းသိန်းကတော့ အကောင်းဆုံး ဘောလုံးသမားဆုကို ပြိုင်ပွဲနှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး

ပွဲအပြီးတွင် မြန်မာအသင်းတိုက်စစ်မှူး မျိုးမင်းထွန်း ပရိသတ်နှင့်အတူ အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ International Beverages Trading Co,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်မိုးကျော်နဲ့ တာဝန်ရှိသူများက ချီးမြှင့်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အကြိုဗိုလ်လုပွဲ အနိုင်ရရှိချိန်က ကျပ် ၂၅သိန်း၊ အခုဗိုလ်စွဲအပြီးတွင် ကျပ်သိန်း ၁၀၀တို့ ထပ်မံချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။

ပြင်ဆင်သွားမည်

မြန်မာနည်းပြဖလော်ပါက "ကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ကြိုးစားမှုကြောင့် အင်ဒိုနီးရှားကို အခုလို နှစ်ကြိမ်စလုံးအနိုင်ရခဲ့တာပါ။ တာဝန်ရှိသူတွေရဲ့ ပံ့ပိုးမှုတွေကြောင့် အပြင် မြန်မာဘောလုံးပရိသတ်တွေရဲ့ ထူးကဲစွာ အားပေးမှုကြောင့် ဗိုလ်စွဲနိုင်ခဲ့တာ ဖြစ်ပါတယ်။ အင်ဒိုနီးရှားကို အခုလို အနိုင်ရထားခဲ့ရုံနဲ့ အာဆီယံဆုဖလားအုပ်စုပွဲမှာ အနိုင်ရဖို့ မလွယ်ပါဘူး။ သူ့ကွင်းမှာ ကစားရမှာဖြစ်လို့ ကျွန်တော်တို့ ပိုကြိုးစားရပါမယ်။ မြန်မာအသင်းနဲ့ ပရိသတ်ကြီးကို ချစ်လို့ လာမယ့် အာဆီယံပြိုင်ပွဲ ဗိုလ်စွဲအောင် ကြိုးစားသွားမှာပါ။ အဲဒီပြိုင်ပွဲအတွက် နိုဝင်ဘာ ၂၄ရက်ကစပြီး လေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ်ပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

အင်ဒိုနီးရှားလက်ထောက်နည်းပြ ဆူဒါနိုက "ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ မြန်မာနဲ့နှစ်ကြိမ်ဆုံခဲ့ပါတယ်။ မြန်မာ ကစားတာ ဗိုလ်လုပွဲက ပိုကောင်းပါတယ်။ ကျွန်တော်တို့က ဆုဖလားမှာ အောင်မြင်မှုရဖို့ ပြင်ဆင်နေတာဖြစ်လို့ ဒီပွဲအရှုံးအနိုင်က ဘာမှ မထိခိုက်ပါဘူး။ ပြိုင်ဘက်အသင်းတွေကို အကဲခတ်ခွင့်ရခဲ့လို့ အကျိုးရှိပါတယ်"လို့ ပြောကြားသွားပါတယ်။ ။ **(မြန်မာ့အလင်း)**

(၈၈)နှစ်မြောက် အမျိုးသားနေ့ဂုဏ်ပြုဆောင်းပါး

အစဉ်စောင့်ထိန်းအပ်သော ဝံသာနုရက္ခိတစိတ်ဓာတ်

မောင်ချစ်ကြည်

တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်။

နှစ်စဉ် ဤနေ့ ဤရက်ရောက်တိုင်း မြန်မာအမျိုးသားတို့၏ ဝံသာနုရက္ခိတစိတ်ဓာတ်များ နိုးကြားတက်ကြွမှု အရှိန်အဟုန်မြှင့်တင်ပေးရာနေ့အဖြစ် မြန်မာတစ်မျိုးသားလုံးရင်ထဲ၌ စွဲစွဲထင်ထင်ရှိနေသည်။ အမျိုးသားပညာရေးစနစ် ပေါ်ထွန်းလာစေရန်အတွက် တစ်မျိုးသားလုံး စုစည်းညီညွတ်စွာ စတင်ကြိုးပမ်းခဲ့သည့်နေ့၊ ထိုမှတစ်ဆင့် မြန်မာ့လွတ်လပ်ရေးကို ရယူနိုင်ခဲ့သည်အထိ တွန်းအားပေးနိုင်ခဲ့သော နေ့ဖြစ်သဖြင့် အမျိုးသားနေ့ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ပုဂံခေတ်၊ သရေခေတ္တရာတို့မှသည် ကုန်းဘောင်ခေတ်အထိတိုင် မြန်မာတို့၏ အမျိုးသားပညာရေး စနစ်မှာ ကိုယ်ပိုင်မူဟန်ဖြင့် ခိုင်မာစွာ တည်ရှိခဲ့သည်။ သမိုင်းကို ပြန်ပြောင်းကြည့်ပါလျှင် မြန်မာတို့၏ ကိုယ်ပိုင်ပညာရေးစနစ်သည် မြန်မာတို့၏အကျိုးကိုသာ ရှေးရှုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာတို့သည် ကိုယ်ပိုင်ပညာရေးစနစ်ကို အခြေခံကာ အင်အားခိုင်မာတောင့်တင်းသော ခေတ်အဆက်ဆက်ကို ထူထောင်နိုင်ခဲ့ကြသည်။

သူ့ကျွန်ဘဝမှ လွတ်မြောက်ရန်ကြိုးစားခဲ့သည့် သမိုင်းဖြစ်စဉ်တွင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံခဲ့၊ အမျိုးသားပညာရေး လှုပ်ရှားမှုမှသည် လွတ်လပ်ရေးရသည်အထိ မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြား တက်ကြွခဲ့၊ တစ်မျိုးသားလုံး စုစည်းညီညွတ်စွာ လက်တွဲကြိုးပမ်းနိုင်ခဲ့မှုမှာ ဝံသာနုရက္ခိတ စိတ်ဓာတ်ကို အခြေတည်ခဲ့။

ထိုသို့သော မြန်မာတို့၏ ကိုယ်ပိုင်ပညာရေးစနစ်သည် ၁၈၈၅ ခုနှစ်၌ မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့တို့လက်အောက် ကျရောက်ခဲ့ချိန်မှစတင်ကာ ပျက်သုဉ်းခဲ့ရသည်။ ကိုလိုနီနယ်ချဲ့တို့ လက်ထက်တွင် ၄င်းတို့အား ကြောက်ရွံ့သစ္စာရှိစေမည့် သင်ကြားမှုများ၊ ကိုလိုနီယန္တရားကို အဆက်မပြတ် လည်ပတ်စေမည့် ပညာရေးများကို ပြဋ္ဌာန်းကာ သင်ယူစေခဲ့သည်။

ကိုလိုနီပညာရေးစနစ်သည် မြန်မာနိုင်ငံကို နယ်ချဲ့တို့ဆက်လက်ပြီး အုပ်ချုပ်နိုင်ရေးအတွက် အထောက်အကူပြုစေမည့် ပညာရေးစနစ်သာ ဖြစ်ခဲ့ပြီး မြန်မာတိုင်းရင်းသားတို့အတွက် မည်သို့မျှ အကျိုးမပြုသော ကျွန်ပညာရေးစနစ်မျိုး ဖြစ်ခဲ့သည်။ မြန်မာတိုင်းရင်းသားတို့၏ အကျိုးစီးပွားကို အဘက်ဘက်မှ အောက်ကျနောက်ကျ ဖြစ်စေခဲ့သည့်အပြင် အမျိုးသားပညာရေးစနစ်ကိုလည်း ကွယ်ပျောက်စေခဲ့သည်ဖြစ်ရာ မြန်မာတို့ မကျေမနပ်ဖြစ်ခဲ့ကြသည်။

ကိုလိုနီပညာရေးစနစ်သည် ကျွန်ပညာရေးစနစ် ဖြစ်သည့်အတွက် အဆင့်မြင့်ပညာရေး၌ မြန်မာတိုင်းရင်းသားတို့ အလွယ်တကူ သင်ယူနိုင်မှု မရှိစေရန် ချုပ်ချယ်မှုများရှိခဲ့ရာ ကိုလိုနီခေတ်ပညာရေးစနစ်၌ ပညာသင်ကြားခဲ့ရသော မြန်မာတို့အနေဖြင့် အသက်မွေးမှုကို အထောက်အကူမပြုသည့်အပြင် ကိုလိုနီအုပ်ချုပ်ရေးအတွက် အကျိုးဖြစ်ထွန်းရန်အတွက် အဆိပ်ပင်ရေလောင်းသည့်ပမာသာ ဖြစ်ခဲ့သည်။

ထိုသို့သော ကျွန်ပညာရေးစနစ်မျိုး ပြဋ္ဌာန်းသင်ကြားစေခဲ့သောကြောင့် မြန်မာတိုင်းရင်းသားတို့သည် မှန်ကန်သည့် ခံယူချက်နှင့် အသိတရားများ မေးမှိန်ကာ မမှန်ကန်သည့်သဘောတရားနှင့် အထောက်အကူမပြုသည့် အတတ်ပညာများကြောင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ ဆုတ်ယုတ်ပျက်စီးကာ အဘက်ဘက်မှ နိမ့်ကျခဲ့ရသည်။

တိုင်းရင်းသားများအား ပညာရေးအဆင့်အတန်း မြှင့်တင်တိုးချဲ့ပေးမည်ဟု အသံကောင်းဟစ်ကာ မြန်မာနိုင်ငံတွင် ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဥပဒေမူကြမ်းကို ရေးဆွဲခဲ့သည်။ ယင်းဥပဒေမူကြမ်းအရ တိုင်းရင်းသားအများစုတို့၏ တက္ကသိုလ်ပညာ သင်ကြားနိုင်ရေးကို ကန့်သတ် ချုပ်ချယ်ခဲ့သည်။ တက္ကသိုလ်မှ ပညာတတ်ဘွဲ့ရဦးရေ အများအပြား မထွက်နိုင်အောင်လည်း တင်းကျပ်စွာ ချုပ်ကိုင်ထားခဲ့သည်။

ထိုသို့ တစ်ဖက်သတ် ဖိနှိပ်ထားသော တက္ကသိုလ်ဥပဒေကြောင့် ဝိုင်အမ်ဘီအေ အသင်းကဦးဆောင်ပြီး ယင်းဥပဒေမူကြမ်းကိုအတည်မပြုရန် ကန့်ကွက်ခဲ့လေသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူအပေါင်းကလည်း အပြင်းအထန် ပါဝင်ကန့်ကွက်ဆန့်ကျင်ခဲ့ကြသည်။ သို့ရာတွင် ကိုလိုနီနယ်ချဲ့ အစိုးရက မြန်မာအမျိုးသားတို့၏ ဆန့်ကျင်ကန့်ကွက်မှုကို အလေးမထားဘဲ ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

နယ်ချဲ့တို့၏ အတင်းအဓမ္မ ဆောင်ရွက်ချက်များသည် ကျောင်းသားများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ မီးခဲပြာဖုံးနေသော အမျိုးသားရေးစိတ်ဓာတ်ကို ရှင်သန်နိုးကြားစေခဲ့တော့သည်။ "**အမျိုးကိုချစ်ပါ၊ ကျွန်ပညာရေးစနစ် ရပ်ဆိုင်းပါ**"ဟူသော နှိုးဆော်သံများ တစ်နိုင်ငံလုံး ပျံ့နှံ့သွားခဲ့ပြီး မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်ကို နိုးကြားတက်ကြွလာစေခဲ့သည်။

နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကိုလည်း မီးမောင်းထိုးပြနိုင်ခဲ့ရာ ၁၉၂၀ပြည့်နှစ် အမျိုးသားရေးလှုပ်ရှားမှုမှာ နယ်ချဲ့တို့၏ တက္ကသိုလ်ဥပဒေတစ်ခုတည်းကိုသာ ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုမျိုး မဟုတ်ဘဲ ကိုလိုနီစနစ်၏ အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် ဦးတည်သော အမျိုးသားရေး လှုပ်ရှားမှုကြီးတစ်ရပ်လည်း ဖြစ်ခဲ့သည်။

နယ်ချဲ့အစိုးရက ထောက်ပံ့ဖွင့်လှစ်ထားသော ကျောင်းများ၌ တက်ရောက်ပညာသင်ကြားမှုကို ဆန့်ကျင်ကာ အမျိုးသားကျောင်းများ၊ အမျိုးသားကောလိပ်များ၊ တက္ကသိုလ်များဖွင့်လှစ်ရန် မြန်မာအမျိုးသားတို့ ကြိုးစားခဲ့ကြသည်။ ထိုသို့ အမျိုးသားကျောင်းများ ဖွင့်လှစ်ရန် လက်တွေ့အကောင်အထည်ဖော် ကြိုးစားလာခြင်းမှာ အမျိုးသားပညာရေးလှုပ်ရှားမှုကို ပီပီပြင်ပြင် ဖြစ်ထွန်းလာစေခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း နေရာအနှံ့၌ အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့သည်။ ယခင်ကတည်ရှိခဲ့သော ဗုဒ္ဓဘာသာကျောင်းများနှင့် တိုင်းရင်းသားဘာသာသင် ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် တစုတစည်းတည်း စုပေါင်းဖွင့်လှစ်ခဲ့ကြသည်။

ထိုသို့ အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့မှုကို နိုင်ငံတစ်ဝန်းရှိ မြန်မာတိုင်းရင်းသားအပေါင်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ မြန်မာအမျိုးသားကျောင်းများ၌ မြန်မာတို့ တက်ရောက်ပညာသင်ကြားသည်ဟူသောအသိမှ ဖြစ်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်သည် လူငယ်တိုင်း၏ ရင်သို့ သံမှိုရိုက်သွင်းသကဲ့သို့ စူးနစ်ဝင်ရောက် စွဲထင်ခဲ့လေသည်။

နယ်ချဲ့တို့၏ မတရားချုပ်ချယ်မှုကို ကွက်ကွက်ကွင်းကွင်းပေါ်လွင်သိမြင်ခဲ့ကြရာ အမျိုးသားပညာရေး လှုပ်ရှားမှုသာမက ကိုလိုနီဘဝမှ လွတ်မြောက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ပေးရာ လှုပ်ရှားမှုကြီးတစ်ရပ်လည်း ဖြစ်ခဲ့သည်။

အမျိုးသားပညာရေး လှုပ်ရှားမှုကြီးမှ မွေးထုတ်ပေးလိုက်သော မြန်မာမျိုးချစ်လူငယ်အများအပြားသည် နယ်ချဲ့တို့ကို တွန်းလှန်ရန်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲကာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မျိုးချစ်လူငယ်များ၏ တစ်မျိုးသားလုံး လွတ်မြောက်ရေး တိုက်ပွဲဝင်မှု၌ မြန်မာတိုင်းရင်းသားအားလုံး ပါဝင်ကာ တက်ကြွစွာ စုစည်းကြိုးစားခဲ့မှုကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ရက်၌ လွတ်လပ်ရေး ရရှိခဲ့သည်။

သူ့ကျွန်ဘဝမှလွတ်မြောက်ရန် ကြိုးစားခဲ့သည့် သမိုင်းဖြစ်စဉ်တွင် အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံခဲ့သည်။ အမျိုးသားပညာရေး လှုပ်ရှားမှုမှသည် လွတ်လပ်ရေးရသည်အထိ မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် ရှင်သန်နိုးကြား တက်ကြွခဲ့သည်။ တစ်မျိုးသားလုံး စုစည်းညီညွတ်စွာ လက်တွဲကြိုးပမ်းနိုင်ခဲ့မှုမှာ ဝံသာနုရက္ခိတစိတ်ဓာတ်ကို အခြေတည်ခဲ့၍ပင် ဖြစ်သည်။

ယနေ့ခေတ်တွင်သိပ္ပံနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာဖြစ်ထွန်းလျက်ရှိရာ ကိုလိုနီလက်သစ်တို့၏ ခေတ်သစ်နယ်ချဲ့မှု၊ ဩဇာလွှမ်းမိုးမှုများကို မြန်မာတစ်မျိုးသားလုံးအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ သတိတရားလက်ကိုင်ထားပြီး ဆန့်ကျင်ဟန့်တားနိုင်သည့်အမြင်ရှိရန် လိုအပ်သည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံကာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အထူးလိုအပ်လျက်ရှိသော အချိန်လည်းဖြစ်ပေသည်။ ခက်ခက်ခဲခဲ ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ အင်အားအသုံးပြု နိုင်လိုမင်းထက်လုပ်ကာ ဆုံးရှုံးစေမည့် အန္တရာယ်ကိုလည်း မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကာကွယ်ဟန့်တားသွားကြရမည်သာ ဖြစ်သည်။

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံ၌ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည် ဖော်လျက်ရှိရာ စတုတ္ထအဆင့် ပြီးမြောက်လျက် ပဉ္စမအဆင့်သို့ ဦးတည်ချီတက်နေပြီဖြစ်သည်။ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းမှာ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် စနစ်တကျ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းပကားဖြင့် အကောင်အထည်ဖော်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ဝံသာနုရက္ခိတစိတ်ဓာတ်အခြေခံ၍ နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည်သာ ဖြစ်ပါကြောင်း (၈၈)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းပကားဖြင့် အကောင်အထည်ဖော်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ဝံသာနုရက္ခိတစိတ်ဓာတ် အခြေခံ၍ နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားရမည်သာ။

22-11 (10).pmd 1 11/22/2008, 2:53 AM

သီပေါမြို့နယ်၌ ရပ်ရွာပညာပဒေသာသင်တန်းဖွင့်

သီပေါ နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ရပ်ရွာပညာပဒေသာဌာန လုပ်ငန်းဆောင်ရွက်မှု မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် **(အပေါ်ပုံ)**နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးသန်းဆွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစီမံချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ (၀၂၀)

အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၂၇ရက်က မြို့ဝင်လမ်းဘေးတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရာ အမှုဆောင်အရာရှိဦးတင်ကိုကို ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဆင်ဘိုမြို့၌ ဒေသဖွံ့ဖြိုးရေး ဟောပြော

ဆင်ဘို နိုဝင်ဘာ ၁၅

ကချင်ပြည်နယ် ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တောပင်လုံကျေးရွာ အမကဥ္စ လည်းကောင်း၊ မွန်းလွဲပိုင်းက ပင်တော်ကျေးရွာ အမကဥ္စ လည်းကောင်း ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာ၊ ရပ်ကွက် ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယရဲအုပ် အောင်ဇော်မင်းက မူခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးတို့ကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးပညာပေးဟောပြော အခမဲ့ဆေးဝါးကုသ ဆောင်ရွက်

မြစ်သား နိုဝင်ဘာ ၁၂

မြစ်သားမြို့နယ် ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် အောက်တိုဘာ ၂၄ ရက်က ရစ်ကန်ကျေးရွာရုံး၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ဌေး ခေါင်းဆောင်လျက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်စန္ဒာမိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လက်ထောက်ဆရာဝန် ဒေါက်တာမိုးမိုးသင်း၊ သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာဇင်မာအောင်၊ မြို့နယ်သူနာပြု ဒေါ်လှကြည်၊ ငှက်ဖျားကြီးကြပ်သူ ဦးဝင်းလှိုင်နှင့် ဓာတ်ခွဲခန်းမှူး ဒေါ်စန်းစန်းမော်တို့ ပါဝင်သောအဖွဲ့သည် ကျန်းမာရေးပညာပေးခြင်း၊ အခမဲ့ဆေးဝါးကုသခြင်းနှင့် ဓာတ်ခွဲစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဒေါက်တာမိုးမိုးသင်းက မွေးဆိုးအန္တရာယ်ကာကွယ်ရေး၊ ဒေါက်တာဇင်မာအောင်က သွားနှင့်ခံတွင်းကျန်းမာရေး၊ မြို့နယ်သူနာပြု ဒေါ်လှကြည်က တီဘီရောဂါအကြောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မာလုံးက မျိုးဆက်ပွားကျန်းမာရေးနှင့်ငှက်ဖျားကြီးကြပ်သူဦးဝင်းလှိုင်က တီဘီရောဂါအကြောင်း ကျန်းမာရေးဆိုင်ရာများပညာပေးဟောပြောပြီး **(အပေါ်ပုံ)** တက်ရောက်လာသော ကျေးရွာသူ၊ကျေးရွာသားများထဲမှ လူနာ၂၃ဦးတို့အား သလိပ်စစ်ဆေးပေးခြင်း၊ လူနာ ၁၂၆ဦးတို့အား အခမဲ့ဆေးဝါး ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ဝင် မုခ်ဦးအနီး လမ်းဘေးပလက်ဖောင်း ကပ်တိုးများ ဆေးသုတ်ခြင်းနှင့် မြေယာရှုခင်း ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဖြင့် အောက်တိုဘာ ၂၄ရက်က စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကြည်စောနှင့်အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်ခင်တင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပင်လည်ဘူး အထက နှစ်ပတ်လည်စည်းဝေး

ပင်လည်ဘူး နိုဝင်ဘာ ၁၅

စစ်ကိုင်းတိုင်း ပင်လည်ဘူး အထက်တန်းကျောင်း ၂၀၀၇-၂၀၀၈ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ ဆုနှင်းသဘင်ပွဲကို စက်တင်ဘာ ၂၇ရက် နံနက် ၁၀နာရီက အောင်မြတ်ခန်းမ၌ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်း တင်ပြခြင်း၊ မိဘဆရာအသင်း၏ အစီရင်ခံစာတင်သွင်းခြင်း၊ အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ခြင်း၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၈ဦးနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြသည်။ (၀၂၉)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းများကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်က မင်းကြီးညိုလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဇော်နိုင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးမင်းလွင်စိုးကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

ဓာတ်မှန်စက် ပေးအပ်ပွဲ နောင်တရားမြို့၌ ကျင်းပ

နောင်တရား နိုဝင်ဘာ ၁၅

တောင်ကြီးခရိုင် နောင်တရားမြို့ မြို့နယ်ဆရာဝန် ဒေါက်တာ ကောင်းမြတ်နှင့် ရပ်ကွက်ဥက္ကဋ္ဌများ ပူးပေါင်း၍ အရေးပေါ်လူနာအတွက် လိုအပ်လျက်ရှိသည့် ဓာတ်မှန်စက် ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ၂၃ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံခန်းမဆောင်၌ ကျင်းပရာ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့က စုပေါင်းလှူဒါန်းငွေကျပ် ၁၅၉ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဝယ်ယူတပ်ဆင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၀၂၂)

သန်လျင်အထက(၂) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

သန်လျင်မြို့ အထက(၂)အခြေခံပညာအထက်တန်းကျောင်း (ယခင် မက်သဒစ် အထက်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အခမ်းအနားသို့ စစ်ကြိုခေတ်မှ ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် စစ်ကြိုခေတ်မှ ၂၀၀၇ခုနှစ်အထိ အထက(၂) သန်လျင်၌ သုံးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် အလှူငွေများကို ဦးဌေးဝင်း(နီလာမင်းရွှေဆိုင်၊ မြို့မဈေး၊ သန်လျင်) ဖုန်း-၀၉-၅၀-၁၅၀၂၁၊ ဦးခင်မောင်ပြုံး (ပြုံးပြုံးလေးစတိုး၊ မြို့မဈေး၊ သန်လျင်) ဖုန်း-၀၅၆-၂၂၄၇၅၊ ဦးအောင်ထင် ဖုန်း- ၀၅၆-၂၁၂၉၆နှင့် ဦးကြည်ဝင်း (သန်လျင်ဆေးရုံရှေ့စားသောက်ဆိုင်) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ငပုတော မြို့မဈေးအတွင်း ယင်နှင့်အနံ့အသက်ဆိုးများ ကင်းရှင်းစေရေးအတွက် သားငါးဆိုင်များတွင် ယင်လုံဆန်ခါဖြင့် ရောင်းချမှု ရှိမရှိကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးခင်မောင်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံတွင် မိုးစပါးများ အောင်မြင်ဖြစ်ထွန်း အထွက်နှုန်းမှန်ကန်စေရေး ဆောင်ရွက်

ဖျာပုံ နိုဝင်ဘာ ၁၇

၂၀၀၈-၂၀၀၉ မိုးစပါးစိုက်ပျိုးရာသီတွင် ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ၂၀၀၆၀၃ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းခဲ့ပြီး နိုဝင်ဘာလဆန်းမှစတင်၍ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၅ရက်အထိ ၃၃၁၈ဧက ရိတ်သိမ်းပြီးကြောင်း သိရသည်။

ထွက်ရှိ

၂၀၀၈-၂၀၀၉ခုနှစ်တွင် စိုက်ပျိုးသော မိုးစပါးများအား မျိုးကွဲအလိုက် အထွက်နှုန်း မှန်ကန်စေရေးနှင့် စုစုပေါင်းအထွက်နှုန်းမှန်ကန်ရေးတို့အတွက် ဧရာဝတီတိုင်း မြေစာရင်း ဦးစီးဌာနမှ ဒုတိယတိုင်းမြေစာရင်း ဦးစီးဌာနမှူး ဦးအောင်ကြည်ဦး၊ ဖျာပုံခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးလှဝင်း၊ ဖျာပုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင့်မော်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၆) ဦးပိုင်အမှတ်(၂၄/၇)ရှိ လယ်မြေ ၁၅ဒသမ၂၃ဧကပေါ်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် 'သင့်' အဆင့်အတန်းရှိ မနော်သုခစပါးမျိုးကွဲအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၇၉ ဒသမ ၅၇တင်းနှုန်း ထွက်ရှိသည်။

ယခုနှစ်တွင် ဖျာပုံမြို့နယ်၌ စိုက်ပျိုးပြီးဖြစ်သည့် မိုးစပါး ၂၀၀၆၀၃ ဧက အပေါ် မျိုးကွဲအလိုက်နှင့် အထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ပေါင်း ၂၆၈၃၅ကွက် ရိတ်သိမ်းသွားရန် မြို့နယ်မြေစာရင်းဦးစီးဌာနက စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၇)**

ဂုဏ်ပြု

ပြည်မြို့ ရွှေဘုန်းပွင့်စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းမှ ရှေးပျူလူမျိုးတို့၏ စာပေနှင့်ယဉ်ကျေးမှုအထောက်အထားများကို ရှာဖွေဖော်ထုတ်ပေးသော အသင်းဥက္ကဋ္ဌ ဦးခင်မြင့်အား နိုဝင်ဘာ ၁၅ ရက်က အသင်းတိုက်၌ ကျင်းပသော မှတ်တမ်းတင်ဂုဏ်ပြုပွဲ အခမ်းအနားတွင် ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဇမ္ဗူထိပ်ခေါင်စိုက်ပျိုးရေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

တန့်ဆည် နိုဝင်ဘာ ၁၂

ဇမ္ဗူထိပ်ခေါင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၂၂ရက် နံနက်က တန့်ဆည်မြို့နယ် ဖလံချိုင်ကျေးရွာ ဇမ္ဗူထိပ်ခေါင် သမဝါယမအသင်းခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသင်းသားများ၏ အကြံပြုချက်များကို သဘာပတိက ပြန်လည်ဖြေကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၈၀၉၅ Yamaha DT-125R,MIL ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁/မညန(နိုင်)၁၀၀၅၈၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနားမြို့)။

အမည်ပြောင်း

ဗိုလ်ကြီး စောသိဂီ၏ သား အထက(၂) နေပြည်တော် ဆဌမတန်းတွင် ပညာသင်ကြားနေသော မောင်ဟိန်းစိုးထက်အား မောင်အောင်ခန့်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်မင်း။

ဖိတ်ကြားလွှာ

မြန်မာသင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် သင်းလုံးကျွတ် အစည်းအဝေးနှင့် ညစာစားပွဲအခမ်းအနားသို့ အသင်းဝင် ဒေသခံကိုယ်စားလှယ်များအား ဖိတ်စာနှင့်အတူတကွ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၆-၁၁-၂၀၀၈ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - ညနေ ၅နာရီမှ ၉နာရီအထိ။
နေရာ - ကန်တော်ကြီးရေကူးကန်မီး 'Western Park Royal'

အလုပ်အမှုဆောင်အဖွဲ့။

ရောင်းမည်

၁။ (၄၀×၆၀)ပေ တစ်ထပ် RC အုတ်တံတိုင်းကာပြီး၊ အိပ်ခန်းနှစ်ခန်းဖွဲ့ပြီး၊ လျှာထိုးခင်း၊ ကိုယ်ပိုင် ရေ/မီး၊ အရှေ့လှည့်၊ ဥဿဖယားလမ်း၊ ၃၉(ဘီ)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ကျပ်သိန်း ၂၀၀ ဝန်းကျင်။
၂။ (၁၅×၅၀)ပေ မြေညီ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ကျပ်သိန်း ၁၄၀ ဝန်းကျင်။ **ဖုန်း-၀၉-၅၁-၅၆၅၇၃။**



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၇၃၃၂ Jialing ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြစန်း ၅/ခတန(နိုင်)၀၀၂၈၀၀ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-အိုင်)၊ မြေကွက် အမှတ် V ၆၉၊ မြေအကျယ် ၅၈ပေ ၆လက်မ× ပေ၅၀၊ နှစ်(၉၀)မြေငှားဂရန်အမည်ပေါက် ဦးခင်လှိုင် ၁၂/မဂတ(နိုင်)၀၄၃၃၉၇ဟု မှတ်သားထားသော မြေကွက်အတွင်းမှ မခွဲမစိတ်ရသေးသော မြေအစိတ်အပိုင်း ၂၉ ပေ ၆ လက်မ× ပေ ၅၀ နှင့် ယင်းအပေါ်ရှိ အမှတ် (၁၀၆/၁၀၈) မြန်မာ့ဂုဏ်ရည်လမ်း ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်ဟုခေါ်တွင်သော နှစ်ခန်းတွဲ နှစ်ထပ်အိမ်ငှားများ နေထိုင်လျက်ရှိသော အိမ်ဟောင်းအကျိုးခံစားခွင့်များ၏ အမည်ပေါက်ပိုင်ဆိုင်ခွင့်ကို အိမ်ငှားများ၏ အခွင့်အရေးမထိခိုက်စေဘဲ မြေနှင့်အိမ်ပိုင်ရှင်ထံမှ ကျွန်တော့် မိတ်ဆွေ ဦးကျော်မြင့် Gread Father Land က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ် ကိစ္စရပ်ပေါ်အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိခဲ့ပါလျှင် စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-
ဦးလှမြင့်(ဒဂုံ)စဥ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ်၂၀၂/D၊ သုံးလွှာ၊ တိုက်-၉/၁၁၊
၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀-၃၁၈၁၀။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၀၀၁)၊ အမည်ပေါက် ဦးအောင်မင်းဦးထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်လှလှဝေ၊ ဦးထွေးအောင်၊ ဦးမျိုးအောင်တို့မှ အခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၉၊ မြေကွက်အမှတ် ၅၃၇/က၊ မြေကွက် တည်နေရာ အမှတ် ၅၃၇၊ သူရ(၃)လမ်း ၉ရပ်ကွက် တောင်ဥက္ကလာပ ဒေါ်တင်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ကွယ်လွန်သဖြင့် ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၀၂၇၇၈၁ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ (၁)အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် (၂)အရောင်းအဝယ်စာချုပ်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

တရားမပုံစံအမှတ်-၉၃
ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၆၆)
သာယာဝတီခရိုင် တရားရုံးတော်၌
၂၀၀၈ ခုနှစ် ဇာရီမှုအမှတ်-၂၀
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၃

မန်နေဂျာ	နှင့်	၁။ ဦးအေးမြင့်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်ရွှေရွှေမြင့်
ဇီးကုန်းမြို့။		
ဒီကရီရသူ		**တရားရှုံးများ**

၁။ ဦးအေးမြင့်၊ ၂။ ဒေါ်ရွှေရွှေမြင့်၊ အေးမြသာယာမြို့သစ်၊ ၂လမ်း၊ အမှတ်(၁)ရပ်ကွက် ဇီးကုန်းမြို့ သိစေရမည်။

အထက်ပါအမည်ပါအမှုတွင် တရားရှုံးများပိုင် အပေါင်ပစ္စည်းကို ကြမ်းခင်းဈေး ငွေကျပ်၆၃သိန်းဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၇ ရက် မွန်းမတည့်မီ ၁၀ နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်စောဝင်း (တ/၁၇၃၄)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။**

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးအောင်ကျော်သန်း ၁၂/ဗတထ(နိုင်)၀၀၁၀၄၃နှင့် ဒေါ်မြင့်မြင့်ကြည် ၁၂/စခန(နိုင်)၀၀၂၃၄၄ တို့သည် တာမွေမြို့နယ် တရားရုံးတွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ **ဦးအောင်ကျော်သန်း။**

မသက်ဆိုင်ပါကြောင်း

ကျိုင်းတုံမြို့ ရပ်ကွက်(၁)၊ စွန်မွန်းရပ်၊ အိမ်အမှတ်(၃၆)တွင် နေထိုင်သောချိုင်းပေါ်ဂျန် KTG-၀၀၆၆၄၏ ခင်ပွန်းဖြစ်သူ ဦးမြင့်ဆွေ MPK-၀၁၇၉၁၄ သည် ၎င်း၏ ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသည်မှာ ၁၀ နှစ်ကျော်ကြာပြီဖြစ်သောကြောင့် ကျွန်မ ချိုင်းပေါ်ဂျန်နှင့် မည်သို့မျှ မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ယနေ့မှစ၍ တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ချိုင်းပေါ်ဂျန် KTG-၀၀၆၆၄
အိမ်အမှတ်(၃၆)၊ စွန်မွန်းရပ်၊
ရပ်ကွက်(၁)၊ ကျိုင်းတုံမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၆၅၁၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၉/မခန(နိုင်)၀၂၄၁၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊(မြင်းခြံမြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၂၃၃၇၆ ဟွန်ဒါဝေ့(ဖ်)NF 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိုး ၁၀/မဒန(နိုင်)၀၉၆၅၂၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊(မော်လမြိုင်မြို့)။**

ကြေညာချက်

ဒေါ်ဖူးရင် ၁၃/လရန(နိုင်)၀၉၅၂၇၃နှင့် ပတ်သက်၍ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့နေ ကျွန်တော်ဦးသက်နိုင်ဦး ၁၂/မဂတ(နိုင်)၀၈၁၈၁၂နှင့် မန္တလေးမြို့နေ ဒေါ်ဖူးရင်တို့သည် ၃၁-၃-၁၉၉၃ ခုနှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး မဖြိုးပွင့်စံ (၁၅)နှစ်နှင့် မောင်သက်ထွဋ်ဦး(၉)နှစ် သားသမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်တော်ဦးသက်နိုင်ဦး၏ဇနီးဖြစ်သူ ဒေါ်ဖူးရင်သည် ၁၈-၆-၂၀၀၀ရက်တွင် သားသမီးနှစ်ဦးနှင့်အတူ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများကို ယူဆောင်၍ မိမိ၏သဘောဆန္ဒအတိုင်း ရန်ကုန်မြို့နေအိမ်မှ ဆင်းသွားခဲ့သည်မှာ ၉ နှစ်ခန့် ရှိပြီဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် အဆက်အသွယ် အမျိုးမျိုးပြုလုပ်ခဲ့သော်လည်း ပြန်လည်ဆက်သွယ်မှု မပြုခဲ့ပါ။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဒေါ်ဖူးရင်အား တရားဝင် ဇနီးအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် စီးပွားရေး၊ လူမှုရေးမှအစ မည်သို့မျှ သက်ဆိုင်မှုမရှိကြောင်းနှင့် တာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်နိုင်ဦး။

တရားမပုံစံအမှတ်-၉၃
ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန်ချိန်းဆိုသော နေ့ရက်အကြောင်း

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာယာဝတီခရိုင် တရားရုံးတော်၌
၂၀၀၈ခုနှစ် ဇာရီမှုအမှတ်-၂၁
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၀

မန်နေဂျာ	နှင့်	၁။ ဦးဇေယျာမိုး
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်စန္ဒာအောင်
ဇီးကုန်းမြို့။		
ဒီကရီရသူ		**တရားရှုံးများ**

၁။ ဦးဇေယျာမိုး ၂။ ဒေါ်စန္ဒာအောင် ဆေးကျောင်း(၂)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ ဇီးကုန်းမြို့ သိစေရမည်။

အထက်ပါအမည်ပါအမှုတွင် တရားရှုံးများပိုင် အပေါင်ပစ္စည်းကို ကြမ်းခင်းဈေး ငွေကျပ် ၈၅သိန်းဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူ မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့် အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၇ရက် မွန်းမတည့်မီ ၁၀နာရီအချိန် ချိန်းဆိုပြီးဖြစ်သည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်စောဝင်း (တ/၁၇၃၄)
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။**

အမည်မှန်

အဖဦးဝင်းမြင့်၏သမီး ဒဂုံမြို့နယ် အထက (၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မဝင်းသီရိဖြိုး၏အမည်မှန်မှာ မဝင့်သီရိဖြိုး ၁၂/မရက(နိုင်)၁၄၄၂၁၀ဖြစ်ပါကြောင်း။

မဝင့်သီရိဖြိုး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၆၄၇၈ နီဆန်းဒီဇယ် CW66HE, Dump Truck(4x4) ယာဉ်လက်ဝယ်ရှိသူဦးသန်းဝင်း ၁၃/လရန(နိုင်) ၀၇၁၄၇၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနားမြို့)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၁၈၂၆ HI BIRD/mc ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သီဟမိုး ၈/ဆပဝ(နိုင်)၀၆၂၇၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်နေ ဦးထွန်းအေး၏သား မောင်ရဲသွေးလှိုင် ၉/အမဇ(နိုင်)၀၁၁၇၄၇ သည် မိဘနေအိမ်မှ ၁၈-၁၀-၂၀၀၈ရက်တွင် မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် ၎င်းရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ မေးမြန်း စုံစမ်းခြင်းသည်းခံပါ။

**ဖခင် ဦးထွန်းအေး
၉/မနမ(နိုင်)၀၆၀၆၃၃။**

မန္တလေးတိုင်း စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပေါင်းနုတ်သန့်စင်ခြင်းနှင့် ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ခြင်း ဆောင်ရွက်မှုကို အောက်တိုဘာ ၅ ရက်က အမှုဆောင်အရာရှိ ဦးမျိုးတင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့စက်မှုလက်မှုသိပ္ပံအာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၁

ချောက်မြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ညနေ ၅နာရီတွင် လည်းကောင်း ချောက်မြို့၌ ကျင်းပမည် ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ စုံညီစွာ တက်ရောက်ကြရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးကျော်ကျော် ဖုန်း-၀၆၁-၂၂၀၂၀၊ ဦးညွန့်ဝေ ဖုန်း-၀၆၁-၂၁၇၆၂၊ ဦးတင်သောင်း ဖုန်း-၀၆၁-၂၁၇၀၁၊ ဦးထင်အောင် ဖုန်း-၀၆၁-၂၁၀၆၉၊ ဦးကျော်ရွှင် ဖုန်း-၀၉-၅၀-၀၂၉၃၃၊ ဦးထွန်းလင်းဇော် ဖုန်း-၀၅၁-၈၅၁၅၆၊ ဦးကြည်ဝင်း ဖုန်း-၀၁-၆၈၁၈၉၆ နှင့် ဦးလင်းဇာနည်ဆွေ(မဲကြီး) ဖုန်း-၀၉-၅၁-၅၈၆၃၈ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရာပြည့်အကြိုအထိမ်းအမှတ် မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ရန်ကုန် နိုဝင်ဘာ ၂၁

ရန်ကုန်ဆန်လှူအသင်းကြီး တည်ထောင်သည့် သက်တမ်းနှစ်(၁၀၀)ပြည့်အကြို အထိမ်းအမှတ်အခမ်းအနားကို အသင်းတိုက်ကြီး၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ၁ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပြီး ရာပြည့်အကြို အထိမ်းအမှတ် မဂ္ဂဇင်းတစ်စောင်ကိုလည်း အခမ်းအနားအမီ ထုတ်ဝေသွားမည်ဖြစ်ပါ၍ အသင်းကြီးနှင့် သက်ဆိုင်သောစာမူများကို နိုဝင်ဘာ ၃၀ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အသင်းတိုက်တည်ရှိရာ အမှတ် ၈၉ အထက်ကြည့်မြင်တိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်ရှိ ရုံးအဖွဲ့မှူးထံ ပေးပို့နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၇ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရအောင် သင်ကြားပို့ချပေးခဲ့သော ဆရာမ ဒေါ်မေသန်းရီအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ချင်းပြည်နယ် ဟားခါးမြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ နေ့ချင်းပြန်သွားလာနိုင်မည့် ဟားခါး-မှန်တောလမ်း

- သတင်းခရီးသည် - မျိုးမင်းသိန်း(မရမ်းကုန်း)
- ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)
- စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ဟားခါး နိုဝင်ဘာ ၂၁

ချင်းပြည်နယ် ဖလမ်းမြို့သို့ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ဟားခါးမြို့သို့ ခရီးဆက်ရပါဦးမည်။ ရောက်ခဲလှစွာသော ဒေသ၊ ဆုံခဲလှစွာသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ၊ ရိုးသားဖြူစင်ပွင့်လင်းစွာ ခဏတာနွေးထွေးမှုတို့ကိုတွေးရင်း တန်ဖိုးကြီးလှပါသော ဒေသခံတိုင်းရင်းသားတို့၏ ရိုးစင်းသော စေတနာကို တန်ဖိုးမဖြတ်နိုင်ဘဲ ဖလမ်းမြေကို နှုတ်ဆက်ထွက်ခွာခဲ့ရသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

ဖွံ့ဖြိုးသာယာလှပနေသော ချင်းပြည်နယ် ဟားခါးမြို့ကို အပေါ်စီးမှ ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းပန်းဆက်သွယ်ရေး ချောမွေ့ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်သဖြင့် ဆီ၊ ဆန်၊ စပါး၊ ရော်ဘာများနှင့် ငါး၊ ပုစွန်တွေ လှိုင်လှိုင်ပေါတဲ့ ရခိုင်ပြည်နယ်

ဝန်ဖိုက်ချောင်းတံတားနှင့် စိမ်းစိုနေသော ဝန်ဖိုက် ဒီရေတောအလှကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

- သတင်းခရီးသည် - သတင်းထောက် စဥ့်ကူစိုးဝင်း
- ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
- စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ကျောက်ဖြူ နိုဝင်ဘာ ၂၁ (ဖက်စ်)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မအီ-ကျောက်ဖြူ အိပ်မက်လမ်းနှင့် တံတားများ၊ ဒီရေတောများကို ကွင်းဆင်းကြည့်ရှုလေ့လာရန် နိုဝင်ဘာ ၁၅ရက် နံနက်က ကျောက်ဖြူခရိုင်သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးအောင်ကျော်စိန်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ) ဦးစံရွှေတို့နှင့်အတူ မအီသို့သွားရန် ကျောက်ဖြူ အဝေးပြေးကားဂိတ်သို့ နံနက်စောစော ရောက်ရှိခဲ့ကြသည်။

ရောက်ရှိ

ကျောက်ဖြူမြို့ အဝေးပြေးကားဂိတ်အသီးသီးမှ မော်တော်ယာဉ်များသည် ရန်ကုန်-ကျောက်ဖြူ *စာမျက်နှာ ၈ ကော်လံ ၁* ■

ပညာသင်ယူမှုအခွင့်အလမ်း တစ်ပြေးညီပွင့်လန်းလာသည့် သွေးချင်းတို့ဌာနေ(ဘားအံ)မြေ

- သတင်းမှတ်စု - နုနုရီ နှင့် အေးသန္တာသိန်း
- ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
- စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းရေးသည် အဓိကလိုအပ်သော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

၂၁ရာစု မျက်မှောက်ကမ္ဘာသည် ကဏ္ဍအသီးသီး၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ယင်းဖွံ့ဖြိုးတိုးတက်မှုများကို အမီလိုက်ရန်နှင့် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရန် အမိပြည်ထောင်စု၏ ပညာရည်မြင့်မားရန် မလွဲမသွေ လိုအပ်သည်။ *စာမျက်နှာ ၇ ကော်လံ ၅* ●